# ပုံပြောသမားကြီးမင်းသိင်္ခ

နှင့်

## VING WITH THE ART OF LIVING

## ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း



ဆောင်းမောင်သိန်းလှိုင်

(၁၆-၂-၁၉၆၂-

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး --- ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး --- ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး --- ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်ရေးအေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရှိရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ်ပြည့်ပြည့်ဝဝ ပေါ်ထွန်းရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ်ရှင်သန် ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ်
၄၀၀၀၅၇၀၁၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၁၆၃၇၁၂၁၁
ပုံနှိပ်ခြင်း-ပထမအကြိမ်
ပုံနှိပ်ပြီးစီးသည့်ကာလ- ၂၀၁၂ခုနှစ် ဇန်နဝါရီလ
အုပ်ရေ-၁၀၀၀
တန်ဖိုး- 1000
ဖလင်-
အတွင်းဖလင်-ကိုဦး
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
အလင်္ကာဝတ်ရည်ပုံနှိပ်တိုက်
အမှတ် (၁၂၉)၊ မြဝတ်ရည်လမ်း၊
၂၉- ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့
ထုတ်ဝေသူ-ဦးဥက္ကာအေး
အလင်္ကာဝတ်ရည်စာပေ
အဖုံး-တာတူး
ကွန်ပျူတာ-လှလှအောင်



မောင်မောင်သိန်းလှိုင် ၁၇၇-၀၀

ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း/မောင်မောင်သိန်းလှိုင်။-ရန်ကုန်။
အလင်္ကာဝတ်ရည်စာပေ၊ ၂၀၁၂။ ဓ - ၁၄၄ စင်တီ - 27.43 cm X 21.08cm
(၁) ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

လ

# ပုံပြောသမားကြီး မင်းသိခ်

နှင့်

# LIVING WITH THE ART OF LIVING

## ဘဝနှင့် အနုပညာအား
## ယှဉ်တွဲနေထိုင်ခြင်း

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ -

# မောင်မောင်သိန်းလှိုင်

(၁၆-၂-၁၉၆၂-                    )

# အမှတ်တရဖြင့် ကျေးဇူးတင်ရှိခြင်း

လူ့ဘဝအခန်းကျဉ်းကလေးအတွင်း (Short is the Life) တို တောင်းခြင်းသည် ဘဝဟူသော ကျွန်တော်နေထိုင်ခွင့်ရသည့် တို တောင်းခြင်းအရိပ်အာဝါသအောက်၌ မသိမှုများ၊ သိမှုများတို့ကြောင့် နောင်တ အထွေထွေ၊ သောကအထွေထွေတို့အား နည်းပါးသွားအောင် နေထိုင်ခြင်း အနုပညာတစ်ရပ်အား ပုံပြင်သဖွယ်ပြောပြသွားသော ပုံပြောသမားကြီး မင်းသိခ်၏ ပုံပြင်များအား တစ်စစီပြန်ကောက်စဉ် ကျွန်တော့် နေထိုင်မှု အတွက် လူသားပီသစွာ ကူညီခဲ့ကြသော . . .

၁။ ပုံပြောသမားကြီးမင်းသိခ်
၂။ ဦးလှိုင်မြင့်(ရောလှိုင်စာပေ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
၃။ မမချို(ရေကြောင်းဦးစီးဌာန)
၄။ ဦးဘုန်းကြည်(စာရေးဆရာပေါင်းတည်ဘုန်းကြည်)
(၁၃-၆-၁၉၂၉ - ၁၄-၉-၁၉၉၄)
၅။ ညီမလေးနှင်းယုလှိုင်
၆။ မစန်းစန်းမော်(သုတေသနအရာရှိ ရှေးဟောင်းသုတေသနဦးစီးဌာန)
၇။ ကိုသူရ(Troy Tun)နှင့် ညီမလေးမမိုးမိုးမြင့်
၈။ ကိုချယ်ရီဖေအောင်(ဓာတ်ပုံ)နှင့် ညီမလေးမသီရိ(မြန်မာစာ)
သားလေး လျှံဖြိုးဖေ
၉။ မစန္ဒာ
၁၀။ ကိုရန်အောင်(ဒီဇိုင်း-မောင်ရာဟု)နှင့် ညီမလေးမမေမျိုးခိုင်၊
သားလေးပဲမိုဆု
၁၁။ အုတ်ကျော်အေးနှင့် ညီမလေးခင်ခင်အောင်၊သားလေးသြသဓအေး
နှင့် သမီးလေးဂျမ်ဂျမ်
၁၂။ ပန်းချီကောင်းစံ တို့အား အမှတ်တရကျေးဇူးတင်ရှိပါသည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

## အရိုးသားဆုံးဝန်ခံချက်

ဘဝဆိုတာ ရဲပါတယ်ရှင်ရယ် . . .။ ပြီးဆုံးအောင်နေထိုင်ဖို့ဆိုတာကလည်း . . . ?

သူမနှင့် ကျွန်တော်ဖယောင်းတိုင်မီးလျှံအောက်မှ ပိုးသားစားပွဲခင်းပေါ်ရှိ ရှန်ပိန်တစ်ခွက်အား နှစ်ဦးသားနားလည်နိုင်သော ဘာသာရပ်စကားတစ်ခုဖြင့်ရွတ်ဆို၍ သောက်လိုက်ချိန်တွင် . . .

သူမနှင့်ကျွန်တော် ဘဝအားခင်တွယ်ခဲ့သည်။ မက်မောခဲ့သည်။ ဘဝတဏှာ LUST အား လိုလားနှစ်မြိုက်စွာဖြင့် တောစတွိုင်း၏ ပျားရည်စက်အား သောက်သုံးနေဆဲမှ သောက်သုံးတတ်ဖို့နည်းလမ်းမရှာခဲ့ပါ။

အမှားများစွာဖြင့်လူ ဒဏ်ရာများစွာဖြင့် လူအဖြစ် သူမနှင့်ကျွန်တော်အား ပတ်ဝန်းကျင်က သတ်မှတ်ခြင်းခံလိုက်ရသော်လည်း သူမနှင့် ကျွန်တော် နောင်တ တရားမရခဲ့ပါ။ မရခြင်းထက် နောင်တတရားအကြောင်း မစဉ်းစားခဲ့ပါ။ မဆင်ခြင်ခဲ့ပါ။ ရှေ့ဆက်၍သာ ဘဝတဏှာ LUSTတရားအောက်မှ ပျားရည်စက်အား အာသာငမ်းငမ်းဖြင့် လျက်လျှက်ရှိပါသည်။

တစ်နေ့ပြီးတစ်နေ့ သူမနှင့်ကျွန်တော် ဖြတ်သန်းနေရင်းမှ ကျွန်တော့်နံဘေးတွင် သူမ မရှိတော့ပါ။ သူမ၏ နောက်ဆုံးထွက်သက်တစ်ခုဖြင့် ဘဝတဏှာ LUST ၏ ထီးရိပ်အောက်မှ တောစတွိုင်း၏

ပျားရည်စက် တစ်စက်အားလျှက်ဖို့ ကျွန်တော့်အား နားလည်သော ဘာသာရပ်စကားတစ်ခု အသေအချာမှာကြားသွားပါသည်။

"လူတွေပါပဲ ကိုသီဟရယ် သိပ်ကြောက်ဖို့ကောင်းသလို၊ သိပ်ချစ်ဖို့လည်းကောင်းပါတယ်။ ရှင့်ဘဝဟာ LUST ဆိုတဲ့တောစပ်ရွှင်းရဲ့ ပျားရည်စက် တစ်စက်လျှက်ဖို့ ရှင့်ကိုယ်ရှင် ခြိစည်းရိုးခတ်ထားပါ"

သူမ မရှိတော့ပါ။ သူမ မရှိသည့် ကျွန်တော့်ဘဝခရီးသည် ပျားရည် တစ်စက်ကြောင့် အပိုင်းပိုင်းကျိုးပြတ် ပျက်စီးခဲ့ပါသည်။ ဤခံစားမှုဖြင့် သူမနေထိုင်သွားကြောင်း ဤစာအုပ်ဖြင့် သူမသည် လူသားဗီသစွာ နေထိုင်သွားကြောင်း အသိအမှတ်ပြုအပ်ပါသည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

မေမေ့သို့-

အမှားအတွေတွေ နှောင်တ တရား အတွေတွေရလျက်နဲ့ မဝန်ခံဘဲ ရှေ့ဆက်မိုက်မဲနေသော သားတစ်ယောက်အား မစွန့်ပစ်ဘဲ ရင်ခွင်ထဲထည့်ထားသော ကျွန်တော့်၏မေမေသို့ . . . .

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

ပုံပြောသမားကြီး မင်းသိခ်သို့ –

ဘဝအလိုက်ကန်းဆိုးမသိဘဲ နေထိုင်ချင်သလို ထိုင်နေသော ကျွန်တော့်အား နေထိုင်မှုအနုပညာအား ပုံပြင်သဖွယ် ဆိုဆုံးမခဲ့သော ပုံပြောသမားကြီး မင်းသိခ်အား လူသားပီသစွာဖြင့် လူ့ဘဝအခန်းကျဉ်းကလေးထဲ၌ နေထိုင်သွားကြောင်း ဤစာအုပ်ဖြင့် ဂုဏ်ပြုပါသည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ -     )

ဘဝအလိုက်တမ်းဆိုးမသိ နေထိုင်နေသော
လူသားတစ်ဦးဖတ်ဖို့

# ပုံပြောသမားကြီး မင်းသိခ်

နှင့်

# LIVING WITH THE ART OF LIVING

# ဘဝနှင့် အနုပညာအား
# ယှဉ်တွဲနေထိုင်ခြင်း

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

LIVING WITH THE ART OF LIVING

# ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း


CHAPTER(1) : သဘာဝ

CHAPTER(2) : အလုပ်

CHAPTER(3) : စည်းကမ်း

CHAPTER(4) : နှလုံးသားသတ္တဝါရဆန္ဒဇောဏ် တုန်ခါမှု

CHAPTER(5) : ကံကြမ္မာ၏ ပုံစံသွင်းခြင်း၌ သဘာဝအတိုင်း နေထိုင်ခြင်း

CHAPTER(6) : မေတ္တာဖြင့်ထုံမွှမ်းသောအမြုံးဖြင့် မြုံခြင်း

CHAPTER(7) : ဟန်ဆောင်ခြင်း

CHAPTER(8) : အချိန်အားလေးစားခြင်း

CHAPTER(9) : အပြန်အလှန်တန်ဖိုးထားခြင်း

CHAPTER(10) : သဘောထားကြီးခြင်း

CHAPTER(11) : အသိတရားနှင့် မေတ္တာအား ယှဉ်တွဲနေထိုင်ခြင်း

CHAPTER(12) : သဘာဝအား မညာမိခြင်း


မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

# ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER(1)

## သဘာဝ

ဘဝတွင် ရိုးသားစွာဖြင့် ခံနိုင်ရည်ရှိရန် သဘာဝကျစွာနေထိုင်ဖို့ ကြိုးစားရပါဦးမည်။

# ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 1

## သဘာဝ

ကျွန်တော်သည် Magnun တေးဂီတအဖွဲ့၏ Good Night in LA တေးအုပ်စုထဲမှ Only a Memory သီချင်းကလေးအား နှစ်ပေါင်းများစွာ ဝေးကွာသွားပြီး နောက်တစ်ကြိမ်ပြန်လည် နားထောင်ခွင့်ရလိုက်သော အချိန်၌ ကျွန်တော်သည် ပုံပြောသမားအဘိုးအိုအား တမ်းတမိပါတော့သည်။ တမ်းတခြင်းနှင့်အတူ သီချင်းစာသားများအား လိုက်ပါသီဆိုညည်းလိုက်ပါတော့သည်။

*-ဤကလေးကို မွေးဖွားစဉ်က*

*ဖခင်ဟာ ဂုဏ်ယူခြင်း ပျော်ရွှင်ခြင်းတို့ဖြင့် တည်ဆောက်ခဲ့တယ်။*

*ဉာဏ်ရှည်ထက်မြက်တဲ့သူအဖြစ် ငယ်စဉ်ကလေးဘဝ အသိအမှတ်ပြုခြင်းကို ခံရပြီး*

*သူ့ အမေဟာ ဝတ်စုံကလေးကို ဝတ်ဆင်စေပြီးသူမရဲ့*

*တစ်ဦးတည်းသော သားလေးဟာ တစ်နေ့ လူကြီးလူကောင်းဖြစ်လာတော့မယ်။*

*-သူကျောင်းသွားစဉ်တုန်းက အလွန်ပြုံးရွှင်တဲ့ကလေးပါ။*

*ဘယ်လမ်းကို လျှောက်လို့ ဘယ်ကိုသွားရမယ်ဆိုတဲ့*

*အင်မတန်လှည့်ဖြားတတ်တဲ့ ကမ္ဘာလောကကြီးမှာ လိုအပ်တဲ့*

*အသိဉာဏ်တွေကို ကျောင်းကလေးက မသင်ပေးနိုင်ခဲ့ဘူး။*

*-တစ်နေ့ သူဟာ သန်မာလာပြီး အရည်အချင်းပြည့်စုံလာတဲ့အခါ*

*သူဟာ ညမှာ ထွန်းညှိထားတဲ့ မီးပြတိုက်ရောင်စဉ်တန်းတွေလိုပါပဲ။*

*လူတွေဟာ သူစကားပြောတဲ့အခါမှာ သူ့အနားကို တိုးကပ်လာကြပြီ။*

*-တစ်ခုတည်းသော အဖိုးတန်လှတဲ့ ဘဝတစ်ခုကို ဒီတစ်ညရဲ့*

*အမှတ်တရတစ်ခုအဖြစ်နဲ့ တစ်ခုတည်းသော ရခဲလှတဲ့ အသက်ဟာ*

*နူးညံ့သိမ်မွေ့သော နှစ်များကို ထွန်းတောက်ဖို့ရာ အမှတ်တရဖြစ်စေခဲ့တယ်။*

*-သူဟာ ကြောက်စိတ်၊ တုန်လှုပ်စိတ် လုံးဝကင်းမဲ့သွားပြီး အားလုံးကို*

*နှုတ်ဆက်ကာ စင်ပွဲကြီးထဲကို ဝင်သွားပြီး ပြန်လှည့်ကြည့်လိုက်တဲ့အခါ*

*ကောင်းကင်ပြင်ရဲ့ ဘုံတံခါးဝက စောင့်နေပြီ။ နံ့နံ့ကျွင်းထဲမှာ သူဟာမကြာမီ*

*ဇာတ်ရာတွေနဲ့ အသက်ဆုံးရှုံးသွားရရှာပြီ။*

*သူရဲ့ အသိတရားတွေဟာ မျိုးစေ့တွေ ကြဲချလိုက်သလို လေထဲမှာ နေရာအနှံ့*

*ပျံ့လွင့်သွားတာကို ဘယ်သူမှမသိလိုက်ကြဘူး။*

*-လက်နှစ်ဖက်ကို မြှောက်ပြီး လဲသွားတဲ့အခါ နှလုံးသွေးတွေ ယိုစီးပြီး သူ့မှာ*

*ဘာခံစားချက်မှ မရှိတော့ဘူး။*

*-တစ်ခုတည်းသော ရခဲလှတဲ့ဘဝ၊ တစ်ခုတည်းသော ရခဲလှတဲ့လူ့တစ်သက်*

*မှာ တစ်ခုတည်းသော အမှတ်တရကလေးကို ဒီညမှာ ထွန်းတောက်အောင်*

*ထွန်းညှိဖို့ လိုအပ်နေပြီ။*

သီချင်းကလေးထဲမှ ကလေးငယ်သည် ကြီးပြင်းလာသော အခါ အမေသည် ဂုဏ်ယူစွာဖြင့် စာသင်ကျောင်းကလေးသို့ ပို့ဆောင်ပေးခဲ့ပါသည်။ ဤစာသင်ကျောင်းကလေးသည် အလွန်တရာလှည့်ဖြားတတ်သော လောကကြီး၌ မည်သို့မည်ပုံ လျှောက်လှမ်းရမည်ကို ကလေးငယ်အား မသင်ပေးနိုင်ကြောင်း သီချင်းစာသားက ဖွင့်ဟနေချိန်၌ ပုံပြောသမားကြီး အဘိုးအိုသည် ကျွန်တော်နှင့် ဝေးကွာသော အရပ်မှ လျှောက်လှမ်းလာရင်း

'လူလေး မင်းအားငယ်သွားပြီလား'

ဟူသော သူ၏နှုတ်ဆက်စကားတစ်ခွန်း ကျွန်တော်သည် ရိုးသားစွာ ဝန်ခံလိုက်ပါသည်။ ပုံပြောသမားကြီး အဘိုးအိုသည် နှစ်မြိုက်စွာပြုံးရင်းကြား ကျွန်တော့်ဘဝနှင့် အနုပညာကြားမှ လူများအား တွေးမိရင်း

'လူတွေပါပဲ အဘိုးရာ'ဟု ညည်းညူလိုက်ပါသည်။

'မင်းသူတို့နဲ့ စကားပြောပြီးပြီလား'

'ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်'

'မင်းဘာလမ်းကို ရွေးချယ်ခဲ့သလဲ။ သူတို့နဲ့ စကားပြောတဲ့အခါ မင်း မြှောက်ပင့်ပြောဆိုသလား၊ အမှန်တရားကို ပြောဆိုသလား၊ ဒါမှမဟုတ် သဘာဝကျကျ ပြောဆိုခဲ့သလား။ ငါပြောတဲ့ နည်းလမ်းတွေထဲမှာ မင်း ဘယ်လမ်း ရွေးခဲ့သလဲ'

ကျွန်တော် ဆွံ့အနေဆဲ . . .

'ဒီလိုဆိုရင် ငါပုံပြင်လေးတစ်ပုံပြောပြမယ်။ မင်းလည်း ကြားဖူးသားပဲ။ ဒါပေမဲ့ ဘဝမှာ စကားပြောကောင်းသူထက် နားထောင်ကောင်းသူဖြစ်ဖို့ အရေးကြီးတော့ မင်းနားထောင်ရမယ်'

'ဟိုး ရှေးရှေးတုန်းကပေါ့ တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါးရှိတယ်။ သူ့နံဘေးမှာ အမြဲတမ်း တိုင်ပင်ရတဲ့ ပညာရှိအမတ်ကြီးတစ်ပါးရှိတယ်။ တစ်နေ့တော့ ဘုရင်ကြီးရှေ့မှောက်ကို အလွန်ကြည်ညိုဖွယ်ဆောင်တဲ့ ရဟန်းတစ်ပါး ကြွချီလာပါရော။ ဘုရင်ဟာ ကြည်ညိုလွန်းအားကြီးပြီး သူစားမယ့် စားတော်ပွဲကိုမစားဘဲ ရဟန်းကို လောင်းလှူလိုက်တယ်။ ဒါနဲ့ ရဟန်းလည်း ဘုရင်ကြီးဆီက ဆွမ်းကို အလှူခံပြီး ပြန်ကြွသွားတော့ ပညာရှိအမတ်ကို ရဟန်းအကြောင်းသိအောင် နောက်ယောင်ခံစုံစမ်းခိုင်းတယ်။

ပညာရှိအမတ်လည်း ရဟန်းနောက်လိုက်သွားရင်း တစ်နေရာရောက်တော့ . . .

ရဟန်းဟာ သင်္ကန်းချွတ်ပြီး လူဝတ်အသွင်နဲ့ သူ့ဇနီး သားမယား ကို ဘုရင်ထံကအလှူခံခဲ့တဲ့ဆွမ်းကို ကျွေးတာပေါ့၊ ဒါနဲ့ ပညာရှိအမတ် လည်း ဘုရင်ကြီးဆီကိုပြန်လာပြီး-

'မြတ်သောမင်းကြီး ဘုရားတပည့်တော် ရဟန်းနောက် လိုက်လံစုံစမ်းအပ်ပါသည်။ တစ်နေရာရောက်သောအခါ ရဟန်းသည် ရဟန်းအသွင်ပျောက်၍ ပျောက်ကွယ်သွားပါသည်ဘုရား'

အဲဒီမှာ ဘုရင်ကြီးဟာ သူလှူရတဲ့ရဟန်းအား ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ် မြတ်ထင်ပြီး သူ့အလှူကို ကြည်နူးတာပေါ့ . . .

ပုံပြင်လေးကတော့ ဒါပါပဲ။

'အဲဒီမှာ ပညာရှိအမတ်က ဘုရင်ကြီးကို မြှောက်ပြောသလား၊ အမှန်အတိုင်းပြောသလား၊ သဘာဝကျကျပြောသလား ငါ့မြေး'

ကျွန်တော် စဉ်းစားနေဆဲ။

ကျွန်တော် တစ်ခုခုကို ညည်းညူလိုက်ပါသည်။

**"Life is Right in Anycase."**

'ဘဝဆိုတာသူ့ပုံစံနဲ့သူတော့ အားလုံးမှန်နေကြတာချည်းပါ ပဲ။ သူခိုးလည်း သူခိုးဘဝ၊ ဘုရင်လည်း ဘုရင်ဘဝ၊ ပညာရှိလည်း ပညာရှိ ဘဝမှန်တယ်လို့ ပြောကြမှာပါပဲ'

'ဟုတ်တယ် သဘာဝပဲ ငါ့မြေး'

'ပညာရှိဟာ ပညာရှိအမတ်ဖြစ်နေပြီ။ မင်းတိုင်ပင်အမတ် သူတစ်ပါးရဲ့အသက် ဘဝကို မေတ္တာထားရမယ်။ ဒီဆွမ်းတစ်ပွဲဟာ ဘုရင်ကြီးအတွက် ဘာမှမဖြစ်သွားပေမယ့် ဟိုရဟန်းယောင်ဆောင်တဲ့ သူနဲ့ သူ့မိသားစုအတွက်တော့ အရေးကြီးတာပေါ့။ အဲဒီပညာရှိအမတ်ဟာ လိမ်ညာတာမဟုတ်ဘူးနော်။ သူ့ကိုယ်သူလည်း မရိုးသားတာ မဟုတ်ဘူး နော်။ သူပညာရှိရဲ့ ဘဝ၊ အကျင့်၊ မေတ္တာတရားအရ သဘာဝကို ပြောရ တော့မယ်။

ရဟန်းအသွင်ပျောက်၍ ပျောက်ကွယ်သွားပါသည် ဘုရား။ အဲဒီမှာ လူ့အသက် (၂)ချောင်းရဲ့ဘဝ၊ ဘုရင်ကြီးရဲ့ စေတနာမပျက်စေရန် အတွက် သူ့ရဲ့သဘာဝကို ပြောလိုက်တယ်။

မင်းပြောတဲ့ "Life is Right in Anycase."ပေါ့။

ကျွန်တော် ပုံပြောသမားကြီး အဘိုးအိုအား ငေးကြည့်နေဆဲ။ လူရယ်လို့ ဖြစ်လာရင် ဘဝ၊ တဏှာ၊ အနုပညာ၊ ဆန္ဒတဏှာတွေကြား ရပ်တည်နေချိန်၌ ပုံပြောသမားကြီး အဘိုးအိုကို ဘဝ၏နေထိုင်ပုံတစ်ခု အား မေးလိုက်ချိန်၌ ပုံပြောသမားကြီး အဘိုးအိုသည် ပျောက်ကွယ်သွား ပါတော့သည်။

ကျွန်တော် အထီးကျန်ဆန်စွာဖြင့် . . .

ဘဝတွင် ရိုးသားစွာဖြင့် ခံနိုင်ရည်ရှိရန် သဘာဝကျစွာ နေထိုင်ဖို့ ကြိုးစားရပါဦးမည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

# ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 2

## အလုပ်

ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ မသေမချင်းအလုပ် တစ်ခုကို လုပ်နေရပါမည်။

# ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER -2

## အလုပ်

နှစ်ပေါင်း (၂၀)ကျော်မက ကြာပြီးဖြစ်သော ယိုကိုအိုနို၏ ကဗျာလေးအား ပြန်လည်ရွတ်ဆိုခွင့်ရလိုက်သောအချိန်၌ သူမ၏ ဘဝလက်တွဲဖော် တာရှိုနာ(TASHAUNA) ဖွန်လင်နွန်အား သတိရ မိပါတော့သည်။

*ရေထည့်စရာ၊ နေရာကွာလည်း*
*ရေဆိုတာဟာ၊ ရေဘဝမှာ ရှိနေတာမို့*
*တူညီပါတယ်*
*မင်းရယ် ကိုယ်ရယ်*
*တစ်နေ့တော့လေ၊ ရေငွေ့ပျံတက်*
*ဘဝပျက်မည်၊ ရေတွက်ထုံးစံ*
*အမှန်တည်း။*

တာရှိုနာ ဖွန်လင်နွန် ကမ္ဘာမြေပေါ်၌ မရှိတော့ပါ။ လူသန်းပေါင်း များစွာထဲမှ တစ်မျိုးတစ်ခြား သီးခြားလူစားမျိုးဟု ဂုဏ်ယူသတ်မှတ်ခံရမှု အပြစ်ကင်းစင်စွာ ကောင်းကင်ပြင်၌ ပျံသန်းနေရသော ငှက်ကလေး တစ် ကောင်အား ပစ်ချခံရမှုကြား၌ ROSSINGTON COLLING BAND

တေးဂီတအဖွဲ့က ဂုဏ်ပြုသီဆိုနေဆဲ၊ တေးဂီတအဖွဲ့များလည်း နောက်ဆုံး နှုတ်ဆက်စကားအဖြစ် ပြောနေဆဲ

'**တာရှီနှာ** မင်းဘယ်ရောက်သွားပြီလဲ။ ကျွန်တော်တို့ ခင်မင်လေးစားရပါသော **ဆာဂျွန်လင်နွန်** အခုခင်ဗျား ဘယ်နေရာမှာလဲဟင်'

ကျွန်တော် တေးဂီတအဖွဲ့သားများကဲ့သို့ . . . .

'ဆာဂျွန်လင်နွန် အခု ခင်ဗျားဘယ်နေရာမှာလဲဟင် ?'

ကမ္ဘာကျော် ဘီတဲလ်တေးဂီတအဖွဲ့မှ အဆိုတော်ဆာဂျွန်လင်နွန်၏ ဘဝအကြောင်းရွတ်ဆိုနေသော သီချင်းကလေးကြားမှ သူ၏အနုပညာဘဝ လက်တွဲဖော် ယိုကိုအိုနိုအား အထူးသတိရမိသည်။

ဆာဂျွန်လင်နွန်သေဆုံးသွားပြီး ကမ္ဘာမြေပြင်ပေါ်မှ ကွယ်ပျောက်သွားသော ကိစ္စတစ်ခုဖြစ်သည်။ ကျွန်တော့်အတွက် အရေးတကြီးမဖြစ်ပါ။ အသက်ရှင်ကျန်ရစ်ခဲ့ရသော ယိုကိုအိုနိုအတွက် အထူးသတိရနေဆဲ။ သူမ အသက်ရှိနေသည်။ ဘယ်လိုပုံစံနှင့် အသက်ရှင် နေထိုင်ရသလဲ။

သူမပိုင်ဆိုင်ထားသော ရုပ်ဝတ္ထုများ မက်မောတွယ်တာခဲ့ရသမျှ သူမစွန့်လွှတ်ပစ်လိုက်သည်။ နယူးယောက်မှ သူမပိုင်ဆိုင်ထားသော အရာရာအား အကူညီမဲ့ခံရသူများအား သူမလှူဒါန်းရင်း ဘဝကေစာရိ ကျင့်ကြံနေသလား အတွေးကြား၌ . . .

ဘဝမှာ အသက်မကဖြတ်နိုးတန်ဖိုးထားတဲ့ အရာတွေကွဲကျပျက်စီးဆုံးရှုံးသွားတဲ့အခါ ဘယ်လိုအသက်ရှင်နေထိုင်ရမလဲ။ အောင်မြင်ခြင်းတွေ၊ ရာထူးတွေ၊ နာမည်တွေ၊ စည်းစိမ်ဥစ္စာ ရတနာတွေ တစ်ခုခုကြားမှာ လူဟာတစ်မျိုးစီ မက်မောဖူးကြမှာပေါ့။

ကျွန်တော် အဝေးပြေးလမ်းမကြီးပေါ်၌ တစ်ကိုယ်တည်း သဲ့သဲ့ညည်းညူမှုကြား၌

'မင်းဟာ ဘဝဆိုတဲ့အရာကို မက်မောတမ်းတနေတုန်းပဲကိုး .

. .'

အဝေးတစ်နေရာမှ ပုံပြောသမားကြီး အဘိုးအိုသည် ကျွန်တော်နှင့်အနီးဆုံးသို့ ရောက်လာ၍ ကျွန်တော့်နံဘေးခရီးတစ်ထောက် အမော ဖြေရင်း၌ . . .

'အဘိုးရာ . . . လူတိုင်းဟာ တစ်ခုခုကိုမက်မောနေသလို ဘဝဆိုတဲ့ အရာကြီးမှာ နေထိုင်ခွင့်ရသမျှ ဆန္ဒတဏှာအနုပညာကို လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ လူ့လက်ထဲကို အတင်းအဓမ္မယူပါ ရော့အင့်လို့ လက်ဆောင်ပေးခြင်း ခံလိုက်ရတာပဲဟာ . . .'

`ဟုတ်တယ် လူတိုင်းဟာ အနုပညာရဲ့ အရိပ်အာဝါသအောက်ကို ရောက်ရှိခြင်းခံနေရတာပဲ။ လူတိုင်း အလုပ်လုပ်ရတယ်။ ဘာပဲလုပ်လုပ် အနုပညာရှိနေတယ်။ ဥပမာ စစ်သူရဲကောင်းတစ်ယောက်ဟာ စစ်တိုက်ရတယ်။ အဲဒီမှာ ART OF WAR ဆိုတာ ရှိနေတယ်။ အမြောက်သံတွေ၊ ဗုံးသံတွေ၊ အော်ဟစ်သံတွေ၊ ယမ်းနံ့တွေနဲ့အားလုံးဟာ သူ့အတွက် အနုပညာတစ်ခုပဲ။ အဲဒီမှာ စစ်သူရဲကောင်းဟာ သူ့အနုပညာမှာ ကျဆုံးရင်ကျဆုံးမယ်၊ အောင်နိုင်ရင် အောင်နိုင်မယ် ငါ့မြေး။ သူ့ရဲ့အနုပညာကို သူ လုပ်နေတာ'

'နေရာတိုင်း၊ လူတိုင်းဟာ မိမိအလုပ်နဲ့အတူ အနုပညာဟာ ပူးတွဲကပ်ပါလာပြီးသား။ သီချင်းဆိုမှု၊ ကဗျာ၊ စာပေ၊ ရုပ်ရှင်မှအနုပညာမဟုတ်ဘူး။ သွားစိုက်ဆရာဝန်ဟာ သူ့လူနာတွေရဲ့သွားကို ကောင်းမွန် အောင် အစာကို ကြေညက်စွာဝါးစားနိုင်အောင်မှမဟုတ်ဘူး။ သွားစိုက် ဆရာဝန်ဟာ သူ့လူနာတွေရဲ့သွားကို လှပခိုင်ခံ့အောင်၊ လူတကာငေးကြည့်ပြီး ချီးမွမ်းအောင် လုပ်နေတာလည်း အနုပညာပဲ။ အဲဒီမှာ သူ့အလုပ်အပေါ် လုပ်ရပ်တစ်ခု အတွက် အောင်မြင်မှု၊ ဂုဏ်ပြုမှုတွေကို မာန၊ ပီတိတွေနဲ့ ဘဝကိုအသက်ရှင် ပျော်နေတယ်။ ထိုက်တန်တဲ့ အခကြေးငွေလည်းရတယ်။ အပေးရှိရင်

အယူရှိနေတယ်လေ။

တစ်နေ့ကျရင် မလွဲမသွေကျဆုံးမှုဝင်လာပြီး ကံကြမ္မာဟာ ပိရိသပ်ရပ်စွာနဲ့ လုပ်ပိုင်ခွင့်၊ ဖန်တီးခွင့်တွေအားလုံးကို ရုပ်သိမ်းလိုက်ပြီး ဘာတစ်ခုမှ လုပ်ပိုင်ခွင့်မရှိတော့ဘူး။ စစ်သူရဲကောင်းဟာ သူ့ရဲ့အနုပညာ စစ်မြေပြင်မှာ နေထိုင်လို့မရတော့ဘူး။ သွားစိုက်ဆရာဝန်ဟာ သူ့ရဲ့အလုပ်ဖြစ်တဲ့ သွားတွေလှအောင် ဖန်တီးလို့မရတော့ဘူး။ အဲဒီမှာ ဘဝကို စိတ်ပျက်ခြင်း၊ နာကြည်းခြင်းတွေဝင်လာပြီ။ ဘာဖြစ်လို့လဲ၊ ချီးကျူးဂုဏ်ပြုခြင်း မခံရလို့ဘဲ။ အသိအမှတ်ပြုခြင်း မခံရလို့ဘဲ။ ပေးခွင့်၊ ယူခွင့်(တန်ရာတန်ဖိုး)မရှိတော့ဘူး။ အဲဒီမှာ မင်းဘယ်လိုအသက်ရှင်နေထိုင်မလဲ။ ဘဝအနုပညာ ပင်စင်ပေးခံရတဲ့ သူ့ဘဝတွေဟာ သေဆုံးတာထက် ဆိုးပါတယ်။ ဒါပေမဲ့ အသက်ရှင်နေတယ်။

'ကျွန်တော် တရားနဲ့ဖြေမယ်လေ'

'တရားနဲ့ဖြေတာပါ ငါ့မြေးရယ်။ ဒါပေမဲ့ မင်းဘယ်လိုအသက်ရှင်နေထိုင်မလဲ။ တရားလည်း အမြဲမထိုင်နိုင်ဘူး။ ဘာလုပ်မလဲ ငါ့မြေး'

'တစ်စစီ ပြန်ကောက်ရမှာပေါ့ အဘိုးရာ'

'အင်း မင်းပြောသလို တဖြည်းဖြည်းနဲ့ အသားကျအောင်နေတော့မယ်ပေါ့ . . . '

'အဲဒီမှာ မင်းကို ငါမေးခွန်းတစ်ခုမေးမယ်'

'အနုပညာဟာ အနုပညာအတွက်လား . . . ?

အနုပညာဟာ အများအတွက်လား . . . ?

အနုပညာဟာ မိမိအတွက်လား . . . ?'

ကျွန်တော်သက်ပြင်းချရင်း . . .

'ပထမတော့ လူတွေဟာ အနုပညာကိုခံစားပြီး အနုပညာဟာ

အနုပညာအတွက်ဆိုပြီး လုပအောင်ဖန်တီးကြ၊ အရောင်တင်ကြ၊ အပေး ပဲရှိတယ်၊ အယူမရှိဘူး။ နောက်တော့ အသိအမှတ်ပြုခံရ၊ ဂုဏ်ပြုခံရတော့ ကျော်ကြားမှုတွေကြား အများနဲ့ဖန်တီးသူကြား အနုပညာဟာ အများ အတွက်ပေါ့(အသပြာငွေကြေး၊လက်ဆောင်)အစရှိသရွေ့ အပေးအယူနဲ့ တန်ရာတန်ကြေးပြန်ပေးထားပါတယ်။ ဒါဟာလည်း သတ်မှတ်ချက် တစ်ခုပါ'

'ပြီးတော့ နောက်ဆုံးဘဝမှာ မပျင်းမရိ ငြီးငွေ့စိတ်မပျက်အောင် နေထိုင်ဖို့ကျတော့ အနုပညာဟာ မိမိအတွက်ပဲ။ ပုဂ္ဂလိက ဘဝတစ်ခုပဲ ရှိတယ်။ အပေးအယူတန်ရာတန်ကြေးမရှိတော့ဘူး'

'ဒါဆို . . . မင်းဟာ ဝင်စတန်ချာချီလိုပေါ့။ ကမ္ဘာ့နိုင်ငံရေးနဲ့ ပြောရရင်(ART OF POLITIC)မှာ အကောင်းဆုံး နိုင်ငံရေးသမားကြီးပါ။ စစ်ပွဲကြီးတွေ နယ်နိမိတ်တွေဟာ သူ့ရဲ့နိုင်ငံရေးအနုပညာအောက်မှာ ခင်းကျင်းပြသခံရတာပေါ့။ ဒုတိယကမ္ဘာစစ်ကြီးကို ဦးဆောင်တိုက်ပြီး ကမ္ဘာ့ မြေပုံကို ပြောင်းခဲ့သူပါ'

'စစ်ကြီးပြီးသွားပါပြီ။ သူလည်း သူ့ဘဝနိုင်ငံရေး အနုပညာ ပင်စင်ပေးခံရပြီး အောင်မြင်မှု၊ ကျော်ကြားမှုတွေလည်း မရှိတော့ဘူး။ သူ့ဘဝကို ဘယ်လိုအသက်ရှင်နေထိုင်နေရသလဲ ငါ့မြေး'

'စာရေးမယ်၊ စာဖတ်မယ်ပေါ့။ သူလုပ်ခဲ့သားပဲ၊ ဒုတိယကမ္ဘာ စစ်ကြီးအကြောင်း သူရေးခဲ့တာပဲ'

'သိပ်ပြီးအဓိကမကျဘူး ငါ့မြေး။ အဓိကကျတာ ငါပြောမယ်။ သူ နောက်ဆုံးဘဝ အနုပညာပင်စင်စားဘဝမှာ အုတ်စီတယ်၊ ပန်းရန် အလုပ် လုပ်နေတယ်'

ကျွန်တော် အံ့ဩစွာနဲ့ အဘိုးအိုအား ငေးကြည့်နေမိသည်၊

'သူ့နောက်ဆုံးဘဝရဲ့ ကျန်းမာရေး၊ စိတ်ဓာတ်ရေး၊ အသက်ရှင်

နေထိုင်ရေးအတွက် ကမ္ဘာ့သမိုင်းပြောင်းလဲမှုထက် ဒီလူကြီးဟာ ပန်းရန် အလုပ်၊ အုတ်စီတဲ့အလုပ် ပြန်လုပ်နေတယ်။ ဘာမှ မျှော်လင့်ချက်မထား ဘူး။ လူတကာရဲ့ ချီးကျူးမှု၊ ရှုတ်ချမှုတွေလည်း သူမလိုချင်ဘူး။ ဒါဟာ သူ့ဘဝအသက်ရှင်နေထိုင်ရေးအတွက် သူ့ရဲ့နောက်ဆုံး အနုပညာအတွက် ပန်းရန်အလုပ်ပဲ'

ပုံပြောသမားကြီးအဘိုးအိုသည် ရုတ်တရက်ပျောက်ကွယ် သွားပါသည်။

ကျွန်တော်တစ်ယောက်တည်း အဝေးပြေးလမ်းမကြီးပေါ်တွင် အထီးကျန်ဆန်စွာ လျှောက်နေရင်း ယိုကိုအိုနိုအကြောင်း စဉ်းစားမိပါသည်။ သူမ မျှော်လင့်ချက်မထားဘဲ အယုတ်အလတ်မရွေး ၊ အကာအကွယ်မဲ့၊ အထောက်အပံ့မဲ့သူများအား ကူညီရင်း သူမအလုပ်တစ်ခုလုပ်နေပါသည်။ ဝင်စတန်ချာချီသည် ပန်းရန်သမားကြီး လုပ်ခဲ့ပါသည်။

လူသည် စွမ်းအားတစ်ခုရှိသည်။ လုပ်ပိုင်ခွင့်တစ်ခုအား ကြိုတင် စီမံကန့်သတ်ခံထားခြင်း ခံရထားပြီးသားလည်း ဖြစ်သည်။ စွမ်းအားများ ကုန်ခန်းသွားသောအခါ ကန့်သတ်ခြင်းတစ်ခုအား လက်ခံရရှိသည့်အခါ အောင်မြင်ခြင်း၊ ဂုဏ်ပြုခံရခြင်းများ တစ်ပါတည်းရုပ်သိမ်းခံလိုက်ရပါ တော့သည်။ ထိုအခါ ဘဝအားနာကြည်းစိတ်ပျက်ခြင်းကြား၌ အသက်ရှင် နေထိုင်ရပါတော့မည်။ ဘဝအနုပညာ ပင်စင်စားဘဝ၌ အသက်ရှင် နေထိုင်ရေးအတွက်ကျန်းမာရေး၊ စိတ်ဓာတ်နှစ်ခု လိုအပ်နေပါသည်။ ထိုအချိန်၌ အနုပညာသည် မိမိအတွက်သာ ဖြစ်ပါတော့မည်။

ထိုအချိန်၌ ကျွန်တော်လည်း ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ အလုပ်တစ်ခုကို မသေမချင်းလုပ်နေရပါမည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ -    )

ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

# CHAPTER - 3

## စည်းကမ်း

'ကံကြမ္မာ၏ ရိုက်ချက်ကိုခံနိုင်ဖို့ မသေမချင်း စည်းကမ်းတစ်ခုကို တယုတယမွေးမြူထားရပါမည်။'

# ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 3

## စည်းကမ်း

ကျွန်တော်သည် သူ့အားပြန်လည်တွေ့ရှိလိုက်ရသော အချိန်၌ ကျွန်တော်အဖို့ အံ့ဩခြင်း၊ တုန်လှုပ်ခြင်း အလျဉ်းတစ်ခုမျှ မဖြစ်ခဲ့ပါ။ တစ်ချိန်တစ်ခါက သူ၏အနုပညာအား အားပေးခဲ့သော လက်ခုပ်သံများ၊ ပန်းစည်းများ၊ ဂုဏ်ပြုအနမ်းများသည်လည်း သမုဒ္ဒရာထက်မှ ထပွက်သည့် ရေပွက်ပမာကဲ့သို့ အလျဉ်းပျောက်ကွယ်သွားပါသည်။ သူကိုယ်၌က ပိုင်ဆိုင်ခဲ့သော ခွန်အားရှိသည့် အပြုံးများသည်လည်း သူ့ထံ၌မရှိတော့ပါ။ စည်းစိမ်ဥစ္စာတို့သည်လည်း လေထဲက ဖုန်မှုန့်များသဖွယ် ကွယ်ပျောက်သွားပါတော့သည်။

ဖြစ်ချင်ဖြစ်စဉ် ဖြစ်တတ်သော လောကဓံတရား(၈)ပါး၏ နှိုက်ချက်ကို သူခံနိုင်ရည်ရှိပုံမရပါ။ နာကြည်းခြင်း၊ ဘဝကို မကျေနပ်ခြင်း စကားတို့ဖြင့်သာ ကျွန်တော့်အား တုံ့ပြန်နေပါတော့သည်။ ကျွန်တော်သည် သူ့ခံစားမှုများအား စိတ်ရှည်လက်ရှည်နားထောင်ရင်း-

'ဖြစ်ချင်ဖြစ်စဉ်တစ်ခုပါပဲ'ဟု သတ်မှတ်၍ သူ့ထံမှ လှည့်ထွက်ခဲ့ပါသည်။

အဝေးပြေးလမ်းမကြီးနံဘေး သစ်တောအုပ်ကလေး၌ တစ်ကိုယ်တည်း ထိုင်နေရင်းမှ ကျွန်တော့်၏ခရီးဖော် ပုံပြောသမားကြီး အဘိုးအိုအား တမ်းတလိုက်ချိန်တွင် အဘိုးအိုသည် စကားတစ်ခွန်းဖြင့် နှုတ်ဆက်လိုက်ပါသည်။

'မြစ်ရိုးဖြစ်စဉ်တစ်ခုကို မင်းဘာဖြစ်လို့ ဒီလောက်တောင် စဉ်းစားနေရတာလဲ ငါ့မြေးရယ်'

'လူဖြစ်ပြီး သဘာဝမကျလို့ပေါ့အဘိုးရာ'

'အတက်ရှိရင် အကျရှိမယ်၊ အောင်မြင်ပြီးရင် ကျရှုံးမယ်။ ဒါကြီးကိုသိလျက်သားနဲ့ မခံနိုင်ကြလို့ပါ အဘိုးရာ'

ပုံပြောသမားကြီး အဘိုးအိုသည် သူ့မုတ်ဆိတ်ကြီးအား အားရစွာပွတ်ရင်း . . .

'လူတွေပဲကွာ မင်းတွေးသလို တွေးပြီးသားပါ။ အောင်မြင်အောင် ကြိုးစားကြ၊ အဲဒီမှာ လောကီပညာ၊ ဓာတ်တွေ၊ ယတြာတွေချေကြ၊ ကျဆုံးတော့လည်း ပြန်လည်အောင်မြင်အောင် လုပ်ကြ'

'ရသလား အဘိုး'

'အထိုက်အလျောက်ပါကွာ။ ကြီးမားတဲ့ ခွဲစိတ်ကုသမှုခံမယ့် ဝေဒနာကြီးကို ခေတ္တသက်သာအောင် အကိုက်အခဲပျောက်ဆေးကလေး တိုက်ပြီး ခဏတားထားလိုက်တာပါကွာ။ လူရယ်လို့ဖြစ်လာရင် အတိတ်ကကံ၊ ယခုဘဝရဲ့ကြိုးစားမှုကို စီမံပြဋ္ဌာန်းခံရပြီးသားပဲ'

'Born to be King လူတန်းစားတွေရှိသလို၊ Born to be Slave ဆိုတဲ့လူတန်းစားမျိုးတွေလည်း ရှိခဲ့တယ်။ ဒီအချိန် ဒီအခါမှာ ဒီအကြောင်းတရားတွေ ဖြစ်လာမယ်ဆိုတာ သိကြသားပဲ။ ယတြာမရှိဘူး၊ ကူညီလို့လည်း မရဘူး။ တစ်ခုပဲရှိတယ်။ သူ့ရဲ့ ဦးနှောက်၊ သူ့ရဲ့အသိဉာဏ်ကပင် သူ့ကိုကူညီနိုင်တယ်။ မိမိကိုယ်သာ မိမိကိုးကွယ်ရာပေါ့ကွာ။ အဲဒါ

လူ့စွမ်းအားပဲလေ'

သက်ပြင်းတစ်ခုအား ကျွန်တော် စိတ်လိုလက်ရချရင်းမှ -

'အနုပညာလောကမှ မဟုတ်ပါဘူး။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စစ်ရေး အခန်းကဏ္ဍပေါင်းစုံမှာလည်း ပါဝင်နေတာပဲ။ လူတိုင်းဟာ သူ့ကဏ္ဍနဲ့လိုက်ပြီး အောင်မြင်ကြ၊ ပြီးရင် ကျဆုံးကြ၊ အဲဒီမှာ ကျွန်တော်မြင်ခဲ့ရတဲ့ သဘာဝအတိုင်း စိတ်ပျက်ကြ၊ အလိုမကျကြ အရာတွေနဲ့ ဘဝကို နိဂုံးချုပ်ကြတာပေါ့'

'ဟုတ်တယ် ငါ့မြေး။ သူတို့ရဲ့ဘဝခရီးမှာ သူတို့ရဲ့ ဦးနှောက်၊ သူတို့ရဲ့အသိဉာဏ်တွေကို ရှိရဲ့သားနဲ့ အသုံးမချကြတာ'

'ဟာ . . . ၊ အဘိုးကလည်း သုံးကြတာပဲ'

'ဟုတ်တယ် နည်းလမ်းတကျ မသုံးကြတာလေ။ အခြေခံမှ မကောင်းတာ။ သူတို့ဟာ စည်းကမ်းမရှိကြလို့ပဲ'

'မင်းကိုပြောနေတဲ့ စည်းကမ်းဆိုတာ လူ့ရဲ့တန်ဖိုးပဲ။ စည်းကမ်းရှိတဲ့သူဟာ သူ့စည်းကမ်းအတွက် သူ့ဂုဏ်သိက္ခာအတွက် သတိ၊ ဝီရိယ၊ ပညာ၊ စိတ်ဓာတ် အမြဲရှိနေတယ်။ အဲဒီမှာ သူဟာ အမြဲကြိုးစားတယ်။ စည်းကမ်းနောက်မှာ အရိပ်လိုကပ်နေတဲ့ သတိ၊ ပညာ၊ ဝီရိယ၊ စိတ်ဓာတ်တွေဟာ အဲဒီလူကို စောင့်ရှောက်နေပြီး ကံပါကွာ ကံကြမ္မာက ဝင်လာပြီး ယတြာမရှိဘူး၊ ကျဆုံးတော့မယ်။ စည်းကမ်းရှိတဲ့လူဟာ ကျဆုံးရင်လည်း ခွေးကျမကျဘူး၊ ကျရင်လည်း မနာဘူး၊ ဖြည်းဖြည်းလေး ကျတယ်။ ဘဝကို စိတ်မပျက်ဘူး။ ခံနိုင်တယ်။ သဒ္ဓါနဲ့ ပညာမျှတယ်။ ငွေကြေးရှိလည်း သဒ္ဓါပေါက်တိုင်း အတင်းမလှူဘူး။ သတိ၊ ပညာသုံးပြီး လှူတယ်။ ငါ ပုံပြင်တစ်ပုံပြောပြမယ်'

'ဟိုး . . . . ရှေးရှေးတုန်းကပေါ့ မှင်စာနှစ်ကောင်ဟာ လမ်းမကြီးပေါ်မှာ နေစရာမရှိဖြစ်နေတုန်း အထွေထွေမှင်စာအုပ်ချုပ်ရေးနတ်ကြီးက

အဲဒီမှင်စာနှစ်ကောင်နေဖို့ နေရာ(၂)ခုကို ရွေးချယ်ပေးလိုက်တယ်။ တစ်အိမ်က အင်မတန်ချမ်းသာတဲ့ အိမ်ကြီးတစ်အိမ်၊ တစ်အိမ်က အင်မတန်ဆင်းရဲတဲ့ အိမ်လေးတစ်အိမ်ပေါ့။ မင်းတို့ကြိုက်ရာရွေးလို့ပြောလိုက်တဲ့ အချိန်မှာ မှင်စာတစ်ကောင်ဟာ ငါတော့ ကြက်သားတုံး၊ ဝက်သားတုံး စားရပြီ၊ သွေးစုပ်ရပြီဆိုပြီး ချမ်းသာတဲ့အိမ်ကြီးထဲကို ပြေးဝင်သွားတာပေါ့။ တစ်ကောင်ကတော့ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ ဆင်းရဲတဲ့ အိမ်ကလေးထဲဝင်သွားတာပေါ့။ ဒီလိုနဲ့ တစ်လကြာတော့ မှင်စာအထွေထွေအုပ်ချုပ်ရေးမှူးနတ်ကြီးက အမိန့်စာနဲ့ မှင်စာနှစ်ကောင်ကို ဆင့်ခေါ်လိုက်တာပေါ့။ အဲဒီမှာ ချမ်းသာတဲ့အိမ်ကြီးမှာ နေရတဲ့မှင်စာဟာ ပိန်လှီရှုံ့တွပြီး ရောက်လာပါရော။ ဆင်းရဲတဲ့ အိမ်မှာ နေတဲ့ မှင်စာက ကျန်းမာဝဖြိုးပြီး ရောက်လာပါရော။ ချမ်းသာတဲ့အိမ်မှာ နေတဲ့မှင်စာက ငိုကြီးချက်မပြောလိုက်တာပေါ့'

'ကျွန်တော် ပထမတော့ ဝက်သားတုံး၊ ကြက်သားတုံးကြီးတွေ စားရမလားမှတ်တယ်။ သူဌေးအိမ်ကလူတွေက သိပ်စည်းကမ်းကြီးတာ ပဲ။ ထမင်းတစ်လုံးတောင် ကြမ်းပေါ်မကျဘူး။ စားပြီးသောက်ပြီးရင် အိုးခွက်ပန်းကန်ကို ပြောင်အောင်ဆေးပြီး နေရာတကျထားတယ်။ အမှိုက်ပုံးကအစ လုံခြုံအောင်ဖုံးထားတယ်။ အနံ့တောင်ရှူလို့မရဘူးဗျာ။ ဝတ်ပါရောဗျာ။ အဲဒါနဲ့ ခြင်ထောင်ဖန်ဆင်းပြီး သွေးစုပ်မယ်ကြံတော့ ခြင်သဘာဝ အတိုင်း နေဖို့ နေရာမရှိဘူး။ ရေဆိုး ရေညစ်ကလည်းမရှိ ဘုရားသောက်တော် ရေတောင် လုံခြုံအောင်ကပ်တာ။ ရေမြောင်း ရေပုပ်မရှိ၊ အမြဲတမ်း သန့်ရှင်းနေတော့ ကျွန်တော့်ဘဝဟာ အခုမြင်တဲ့အတိုင်းပါပဲဗျာလို့ ပြောတာပေါ့'

'အဲဒီမှာ ဆင်းရဲသားအိမ်မှာနေတဲ့ မှင်စာကတော့ ကျွန်တော် အခုလို ဝဖြိုးကျန်းမာနေရတဲ့အကြောင်းရင်းက အိမ်ရှင်က စည်းကမ်း

မရှိဘူး။ စားပြီးရင် ပစ်ထားလိုက်တာပဲ။ အမှိုက်လည်း မသိမ်း၊ ပန်းကန်လည်းမဆေး။ (၂၄)နာရီ ကျွန်တော့်အဖို့တော့ စားသောက်ပွဲကြီးပါပဲဗျာ။ ဒါတောင် ကျွန်တော်ကမဝသေးဘူး။ ခြင်ယောင်ဆောင်ပြီး သွေးစုပ်လိုက်သေးတယ်။ ခြင်သဘာဝအတိုင်းနေဖို့ ရေသိုး၊ ရေပုပ်တွေကလည်း ပြည့်လျှံနေတော့ ပျော်စရာကြီးပါဗျာ။ တစ်အိမ်လုံးကလည်း ညစ်ပတ်၊ စည်းကမ်းမရှိတော့ ကျွန်တော့်မှင်စာဘဝက စိုပြည်တာပေါ့လို့ အားပါးတရပြောလိုက်ပါရော'

'ပုံပြင်လေးကတော့ ဒါပါပဲ။ စည်းကမ်းရှိတော့ မဆင်းရဲဘူးပေါ့။ မကုန်သင့်တာ မကုန်အောင်၊ မမှားသင့်တာ မမှားအောင် ဒီစည်းကမ်းက ထိန်းထားတာပေါ့။ ဒီစည်းကမ်းရဲ့ အဖော်တွေဖြစ်တဲ့ သတိ၊ ပညာ၊ ဝီရိယ စိတ်ဓာတ်ကလည်း ကပ်ပါနေတော့ မင်းအမေပြောသလိုပေါ့'

'စည်းကမ်းရှိတဲ့လူရဲ့ ထမင်းကို ငါစားရဲတယ်။ သူဟာ လှူရင် စည်းကမ်းရှိတော့ သတိ၊ ပညာ၊ စိတ်ဓာတ်နဲ့လှူတယ်။ သူ့ကံကြမ္မာကြောင့် ဆင်းရဲလည်း သူမငတ်ဘူး။ ကိုယ်က ပြန်မကူညီရဘူး'

'စည်းကမ်းမရှိတဲ့လူရဲ့ ထမင်းကို ငါမစားရဲဘူး။ ဖင်မှန်းမသိ၊ ခေါင်းမှန်းမသိ စည်းကမ်းမရှိတော့ သတိ၊ ပညာ၊ ဝီရိယ စိတ်ဓာတ်မရှိ၊ စိတ်ထဲရှိရာ အရူးထပြီး ငွတ်လှူ၊ သူငတ်တော့ သူ့ထမင်းစားမိတော့ သူငတ်ရင် ငါကပြန်ကူညီရဦးမယ်။ မင်းအမေရဲ့စကားကို မြဲမြဲမှတ်သားပေါ့'

ပုံပြောသမားကြီး အဘိုးအိုး၏စကားအဆုံး၌ ကျွန်တော်သည် အဘိုးအိုအား ငေးကြည့်ရင်းမှ ပျောက်ကွယ်သွားပါတော့သည်။ မည်သည့်လောကတွင်ဖြစ်စေ၊ အနုပညာ၊ စီးပွားရေး၊ လူမှုရေးစစ်ရေး၊ နိုင်ငံရေး၊ ပညာရေးတို့တွင် လောကဓံတရား (၈)ပါး၏ ကံကြမ္မာရိုက်ခတ်သမျှကို ခံနိုင်မည့်သူမရှိပါ။ ဤလောကထဲတွင် နေထိုင်ကြသော ကျွန်တော်သည်လည်း အတက်အကျမကြမ်းဖို့ လောကဓံတရားကို ခံနိုင်ဖို့ ကံကြမ္မာ၏ ရိုက်ချက်ကို

ခံနိုင်ဖို့ မသေမချင်း စည်းကမ်းတစ်ခုကို တယု တယမွေးမြူထားရပါမည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ -     )

## ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 4 .

## နှလုံးသားသတ္တဝါရဲဆန္ဒဖော်၏တုန်ခါမှု

ကျွန်တော် အသက်ရှင်နေထိုင်နေရန် နှလုံးသားသတ္တဝါရဲ ဆန္ဒဖော်၏တုန်ခါမှုအတွက် အမေရိကအရပ်သို့ အပြေးပြန်လာခဲ့ပါ သည်။

# ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 4

## နှလုံးသားသတ္တဝါရဲ့ဆုန့်ကောင်တုန်ခါမှု

စာပေ၊ ဂီတ၊ ပန်းချီ အစရှိသော အနုပညာအားလုံးတို့၌ ရုပ်ရှင်သည် အမြင့်ဆုံးအနုပညာတစ်ရပ်ဖြစ်သည်ဟု ကမ္ဘာကျော် ဒါရိုက်တာကြီး တစ်ယောက်က သူရရှိသော အော်စကာဆုပေးပွဲတစ်ခု အပြီး ဘဝလမ်းချိုး၊ လမ်းကွေ့တစ်ခု၌ ပြောလိုက်သောအချိန်၌ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပန်းချီ၊ ကဗျာ အစရှိသော အနုပညာသည်တို့သည် စုဝေးနေထိုင်ရာ ပါရီမြို့လမ်းကြားလေးတစ်ခု၌ ငြင်းဆိုမှုများ၊ တုန်ခါမှုများ စတင်ပေါ်ပေါက်လာပါတော့သည်။

သူတို့အားလုံးသည် ပုပ်အဲ့နေသော လူ့ဘောင်အဖွဲ့အစည်းကြီးအားစွန့်ပစ်ပြီး ဤလမ်းကြား ကလေး၌ ကလေးငယ်တစ်ယောက်လို၊ သူတောင်းစားတစ်ယောက်လို သူတို့၏ အနုပညာတစ်ခုအတွက် တစ်ခုခုကို တောင်းခံနေသူများ ဖြစ်ကြပါသည်။ အချို့ကနာမည်ကြီး ဂီတဆရာကြီးများ၊ ပန်းချီဆရာကြီးများ၊ ကဗျာဆရာကြီးများ၊ ဓာတ်ပုံဆရာကြီးများ၊ အငြိမ်းစားပါမောက္ခကြီးများ၊ တစ်ချိန်တစ်ခါက ရာထူးအရှိန်အဝါကြီးမားသူများ ဖြစ်ကြသည်။ ယခုအခါတွင် ပုံစံခွက်အတွင်းမှ ဖိတ်စဉ်ကျလာသူ

များအဖြစ် ဤလမ်းကျဉ်းကလေး၌ အာလူးစားရင်း တစ်ခုခုကိုရှာဖွေနေသောသူများ ဖြစ်ကြပါသည်။ ကျွန်တော်လည်း သူတို့နှင့်အတူ လိုက်ပါစီးမျောဖို့ မဟုတ်ပါ။ အမေ့အိမ်မှထွက်ပြေး၍ ခဏဆောင်းခိုနေသော ငှက်တစ်ကောင်သာ ဖြစ်ပါသည်။

'အချိန်တန်ရင် အိမ်ပြန်ရမယ့် ငှက်ကလေးတစ်ကောင်ပါ'ဟု တစ်လမ်းလုံးရှိ လူများက ကျွန်တော့်ကို သတ်မှတ်ချက်ပေးပြီးသားပဲ။ ဒါရိုက်တာကြီး၏ စကားတစ်ခွန်းအား'ပြည့်စုံခြင်းမရှိသော သတ်မှတ်ချက်ဟု'ပြောသူများရှိသလို 'စဉ်းစားသင့်ပါတယ်'ဟု ပြောဆိုနေချိန်၌ ကမ္ဘာကျော် သံစုံတီးဝိုင်းကြီးမှ ဂီတမှူးအဘိုးအိုသည် အချိန်တစ်ခုကျရင် အနုပညာခရီးတစ်ခုကို သူလျှောက်ပြီးမောသွားရင် သူ့ဘာသာသူသိသွားမှာပါ ။ ယခုအချိန်မှာတော့ ငါ့အဖို့တော့ အားလုံးကိုပြောရန် စောပါသေးတယ်။ လူတွေသတ်မှတ်ထားတဲ့ အနုပညာထက်ကြီးမားတဲ့ သတ္တဝါရဲ့ဆန္ဒဇော အနုပညာတစ်ခုရဲ့ တုန်ခါမှု Voice ရှိနေသေးတယ်။ မင်း အဲဒီတုန်ခါမှုကို အနုပညာနဲ့ ရှာဖွေလို့မရဘူး။ မင်းတစ်နေ့ သိလာမှာပါ။ အဲဒီကျရင် မင်းတို့ပြောနေတဲ့ အနုပညာဟာလည်း ဘာမှမရှိပါဘူး။ လူသတ္တဝါတွေထက် နိမ့်ကျတဲ့ တခြားသတ္တဝါတွေဖြစ်တဲ့ ကျွဲ၊ နွား၊ ခွေးအစ အစရှိတဲ့ တိရစ္ဆာန်တွေအတွက်ရော၊ လူသတ္တဝါတွေအတွက်ပါ တစ်တန်းတစ်စားတည်းဖြစ်တဲ့ အနုပညာတစ်ခုကို ကမ္ဘာလောကကြီးဟာ အဆင့်အတန်းမခွဲခြားဘဲ သတ်မှတ်ပေးပြီးသား။ အဲဒီ Voice ကို ငါငတ်နေတာ။

'အခု အဘိုးဘာလုပ်နေသလဲ'

ကျွန်တော်မေးလိုက်သောအချိန်၌ ကမ္ဘာ့အနောက်ခြမ်းမှ ကမ္ဘာကျော် တေးဂီတဝိုင်းမှ ဂီတမှူးဆရာကြီးသည် ပါရီလမ်းကြားလေး၌ ငါလေ . . . Voice တွေကိုသူတောင်းစား တစ်ယောက်လို တောင်းခံနေတယ်။ မင်းက အရှေ့တိုင်းသားတစ်ယောက် မဟုတ်လား။ ဒီနေရာလေး

တာ မင်းထွက်ခွာပြီး အရှေ့တိုင်းဂီတသံစဉ်တွေကို စီးမျောဦးမှာ မဟုတ်လား၊ မင်း အိမ်ပြန်တော့မယ်ဆို။

ကျွန်တော် မငြင်းဆိုပါ။ ကျွန်တော် မြေထဲပင်လယ်တစ်ကြော၊ နိုင်းမြစ်ဝှမ်းတစ်လျှောက်မှ အီဂျစ်နတ်ကွန်းများ၏ နတ်ဘုရားဂီတသံများ၊ ဂင်္ဂါမြစ်နှိုးတစ်လျှောက်မှ ဟိန္ဒူနတ်ဘုရားကျောင်းတို့မှ ဂီတသံစဉ်များတို့နှင့် လိုက်ပါစီးမျောရင်း အရှေ့ဖျားမှ နေထွက်သည့် နိုင်ငံတစ်နိုင်ငံမှ ဂီတဆရာကြီး ကစ်တာရို၏ သံစဉ်များကြားတွင် မျောပါစီးမျောသွားပါတော့သည်။ အရှေ့ဖျားမှ နေထွက်သည့်နိုင်ငံမှ ဂီတဆရာကြီးသည် ကျွန်တော် ပါရီမြို့မှ တွေ့ခဲ့ရသော လမ်းကြားကလေးကြားမှ လူများကဲ့သို့ ကမ္ဘာကြီးထံမှ တစ်စုံတစ်ခုအား ကလေးငယ်တစ်ယောက်ကဲ့သို့ တောင်းခံနေပါသည်။

'ကျွန်ုပ် အသံတွေငတ်နေပါသည်။ ပေးကြပါ'

တောင်းခံစရာ ခွက်မရှိဘဲ လက်ဖဝါးနှစ်ဖက်ဖြန့်ပြီး လောကနှင့် ဘဝကြား၌ သူတစ်ခုခုအား တောင်းခံနေပုံကိုကြည့်ရင်း ကျွန်တော်တို့သည် သူ့ထံမှ လှည့်ထွက်ခဲ့ပါတော့သည်။

အဝေးပြေးလမ်းမကြီးပေါ်သို့ တစ်ကိုယ်တည်း လမ်းလျှောက်နေစဉ် ခရီးဖော် ပုံပြောသမားကြီး အဘိုးသည် ရုတ်တရက်ရောက်လာရင်း-

'မင်းလည်း သူတို့လို တစ်ခုခုကို တောင်းခံနေပြီ မဟုတ်လား'

ကျွန်တော် မငြင်းခဲ့၊ ညင်သာစွာခေါင်းညိတ်ရင်း အဘိုးအိုအား အဖြေတစ်ခုပေးလိုက်ပါတော့သည်။

'မင်းတို့ပြောတဲ့ တုန်ခါမှုတစ်ခုမှာ ပေးသူနှင့် ယူသူကြား မဖောက်လွဲ မဖောက်ပြန်နိုင်တဲ့ Universal Understanding Agreement ဆိုတဲ့ တုန်ခါမှု Voice ဆိုတာရှိနေတယ်။ အဲဒီတုန်ခါမှုကို အနုပညာနဲ့ ရှာဖွေသို့

မရဘူး။ မေတ္တာနဲ့မှ ရှာဖွေလို့ရမယ်။ အဲဒီတုန်ခါမှု Voice ဟာ မိခင်နှင့် သားကြားမှာပဲရှိတယ်။ အဲဒီသားအမိကြား ဖြစ်စဉ်တစ်ခု၏ အစပေါ့ကွာ။ ပဋိသန္ဓေသားလေးဟာ လားရာဝင့်တစ်ခုခုနဲ့ ပဋိသန္ဓေ ဝမ်းမှာနေရတဲ့အခါ မိမိနှလုံးသား အာဟာရ မိခင်ရဲ့နှလုံးသား တုန်ခါမှုမှတစ်ဆင့် အသက်ရှင်ရပြီး အဲဒီမှာ အသက်ရှင်လိုခြင်း ဆန္ဒဟာ အမိနဲ့ သန္ဓေသားမှာကပ်နေပြီ။ ပဋိသန္ဓေ သံယောဇဉ်ပေါ့။ မွေးဖွားလာတဲ့အခါ ကလေးငယ်၊ သတ္တဝါငယ်၊ ခွေးကလေး၊ ကြောင်ကလေး အစရှိသဖြင့်ပေါ့။ လောကကြီးထဲဝင်လာပြီ။ သူတို့ရဲ့မျက်စိ၊ နှာခေါင်း၊ နား၊ ကိုယ်အာရုံတစ်ခုမှ ပြီးပြည့်စုံအောင် မကောင်းသေးဘူး။ ဥပမာ- ကလေးငယ်လေးဟာ မွေးမွေးချင်း 'အား' လို့ မခံနိုင်လို့ အော်လိုက်တာ ကလေးငယ်ရဲ့ လျှာဟာ သိပ်နူးနယ်တော့ အူဝဲလို့ အသံဖြစ်သွားတာ။ အဲဒီအသံရဲ့ ကြိမ်နှုန်းကို မွေးဖွားပေးခဲ့တဲ့ မိခင်ကပဲ နားလည်တယ်။ ဒီကလေးငယ်ဟာ အခြားအာရုံတွေထက် အကောင်းဆုံးအာရုံက အကြားအာရုံပဲ။ သူ့အမေရဲ့ အသက်ရှူသံ၊ အသံတွေရဲ့ ကြိမ်နှုန်းတွေကို သူပဲနားလည်တယ်။ နောက်ဆုံး သတ္တဝါတွေဟာ သေဆုံးခါ နီးမှာ အာရုံတွေဟာ အကုန်ပြန်ချုပ်ငြိမ်းစပြုလာပြီ။ တစ်ခုပဲကောင်းတော့တယ်။ အကြားအာရုံပဲ။ သတ္တဝါဟာ အသက်ထွက်ခါနီး ဝေဒနာအလိမ့်လိမ့်နဲ့ ခံနေရဆဲမှာ သူ့အကြားအာရုံမှာ အကြားချင်ဆုံးက သူ့အမေရဲ့ အသံ Voice ကိုကြားချင်တယ်။ အဲဒီမှာ အမေကသားလို့ခေါ်လိုက်တဲ့ အခါအဲဒီ Voice ကိုလည်းကြားရော သတ္တဝါဟာ ခံနေရတဲ့ ဝေဒနာတွေ အားလုံးကို လျစ်လျူရှုပြီး ဘဝတစ်ခုကိုမှ တစ်ခုကို ညင်သာစွာ ကူးပြောင်းသွားနိုင်တယ်။ Equal balance of womb attachment ရဲ့လားရာကတိကို ဖြစ်စေတယ်။ သတ္တဝီရဆန္ဒဇောရဲ့ အဓိကပင်မ အကြောင်းတရားပဲ ။

'အဲဒီသတ္တဝါရဲ့ လိုချင်တောင့်တဆုံးအရာဟာ သတ္တဝီရ ဆန္ဒဇော အနုပညာတစ်ခုရဲ့ တုန်ခါမှု Voice ပဲပေ့ါ။ အဲဒီတော့ မင်းပြောတဲ့ Music နဲ့ယှဉ်လိုက်ရင် မင်း  Muisc ကို ဘယ်နေရာမှာ ထားမလဲ။'

ကျွန်တော် သက်ပြင်းချလိုက်ချိန်၌ ပုံပြောသမားကြီး အဘိုးအို မရှိတော့ပါ။ ကျွန်တော့်နံဘေးမှ ဂီတသံများ၊ အနုပညာများ ဝန်းရံနေသော ကမ္ဘာကြီးမှ ကျွန်တော်အသက်ရှင်နေထိုင်ရန် နှလုံးသားသတ္တဝီရဆန္ဒဇော တုန်ခါမှု Voice အတွက် အမေရှိရာအရပ်သို့ အပြေးပြန်လာခဲ့ပါသည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ -     )

## ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 5

## ကံကြမ္မာ၏ပုံစံသွင်းခြင်းသို့ သဘာဝအတိုင်းနေထိုင်ခြင်း

လောကကြီးနှင့် ကံကြမ္မာကြား၌နေထိုင်ရန်အတွက် အမြန်အလှန် နားလည်ခြင်းတစ်ရပ်ကို ကြိုးစားတည်ဆောက်ပါမည်။

## ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 5

## ကံကြမ္မာ၏ပုံစံသွင်းခြင်း၌သဘာဝအတိုင်းနေထိုင်ခြင်း

'ဒီအချိန်မှာ ကျွန်မအလိုချင်အတောင့်တဆုံးလူဟာ ဘယ်သူ လဲလို့ မေးရင် ရှင်ပါပဲ'

ဟူသော လက်ရေးမူဖြင့်ရေးထားသော စာကလေးအား DHL စနစ်ဖြင့် ကျွန်တော်ကမ္ဘာ့ထောင့်ကျဉ်းတစ်နေရာမှ လက်ခံရရှိလိုက် သောအချိန်တွင် သူမရှိသောအရပ်သို့ ကျွန်တော်သည် မိုင်ပေါင်းထောင် ချီ၍ ခရီးဆန့်ခဲ့ရပါသည်။ သူမ၏ဘဝနေထိုင်မှုထက် ကျွန်တော့်ဘဝ၏ နေထိုင်မှုပုံစံအား ခရီးတစ်လျှောက်တွင် ကျွန်တော်တစ်ကိုယ်ကောင်း ဆန်စွာ စဉ်းစားနေဆဲ။ ပုံစံခွက်ထဲက ဖိတ်စဉ်သွားတဲ့ လူတစ်ယောက်၊ သတ်မှတ်ချက်တစ်ခုခုကိုမှ ပေးလို့မရတဲ့ လူစားဟု အမျိုးမျိုး ကျွန်တော့် အပေါ် သုံးသပ်နေချိန်တွင် သူမသည် အနုပညာကဏ္ဍတစ်ခုဖြစ်သော ဂီတကဏ္ဍသံစဉ်များကြား၌ အောင်မြင်မှုတစ်ခုကို ရယူပြီးသားဖြစ်နေပါ သည်။

သူမနှင့်ကျွန်တော် ပြန်လည်တွေ့ရှိလိုက်ချိန်၌ သူမနံဘေးမှ မရှိသတ်များဖြစ်ကြသော လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံမှ လူများ

သည် သူတို့၏ကရုဏာထားမှုဖြစ်သော ပန်းစည်းများ၊ ခံစားမှုများဖြင့် သူမအား တုံ့ပြန်နေကြပါသည်။ ပရိသတ်အားလုံး အိမ်ပြန်သွားချိန်၌ သူမနှင့် ကျွန်တော် နှစ်ဦးသားကျန်ရစ်ခဲ့ပါတော့သည်။ သူမနှင့်ကျွန်တော် ပြန်လည် တွေ့ဆုံခြင်းတစ်ခုအား တရားဝင်စကားတစ်ခုအဖြစ် ဖွင့်ဟလိုက်ပါသည်။

'မင်း တော်တော် ဟန်ဆောင်ကောင်းတယ်နော်'

'ရှင် တည်ငြိမ်ရင့်ကျက်စပြုလာပြီပဲ'

ကျွန်တော် သူမ၏စကားအား မည်သို့မျှ မတုံ့ပြန်ခဲ့ပါ။ သူမသည် အခန်းအတွင်းရှိ အိပ်ရာထက်သို့ စိတ်ပျက်လက်ပျက် လှဲချရင်း သက်ပြင်းတစ်ခုအား ချလိုက်ပါသည်။ မျက်ဝန်းအစုံမှ မျက်ရည်စတို့သည် ဆို့တက်လာရင်း အခန်းနံရံပေါ်ရှိ သူမ၏ငယ်စဉ်တောင်ကျေး ကလေးဘဝက ပုံတူပန်းချီကားကြီးအား ငေးကြည့်နေပါတော့သည်။

'ရှင် ကျွန်မအကြောင်း သိပြီးပြီပေါ့'

ကျွန်တော် ခေါင်းညိတ်ဝန်ခံလိုက်ပါသည်။

'သိပ်ထူးဆန်းတဲ့အရာတွေဟာ ကျွန်မထံကို အံ့နဲ့ကျင်းနဲ့ ဝင်လာပြီး မိတ်ဆက်လိုက်တာပဲ။ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းနှစ်ခုကြား ပေါ့'

သူမ တစ်ခုခုကို အားယူချိန်၌ ကျွန်တော်သည် သူမအိပ်ရာနံဘေး၌ထိုင်ရင်း ငယ်စဉ်တောင်ကျေး ကလေးဘဝက သူမ၏ပုံတူပန်းချီကားကြီးအား ငေးကြည့်မိပါတော့သည်။

'ရှင် ပြောခဲ့တယ်နော်။ ဒီပန်းချီကားကြီးကို ဘောင်မခတ်ပါနဲ့လို့။ ကျွန်မမိဘတွေ၊ အသိုင်းအဝိုင်းတွေက ဒီပန်းချီကားကြီးကို ရွှေဘောင်နဲ့ ခတ်လိုက်တယ်လေ။ အဲဒါ ကျွန်မဘဝပဲ'

သူမခံစားမှုများ ပွင့်အန်လာပါသည်။ ကျွန်တော် ပန်းချီကားကြီး

အား ငေးကြည့်နေဆဲ။

'ကျွန်မ အမေမှာ ကျွန်မရဲ့ကိုယ်ဝန်ကို လွယ်ထားရတုန်းက ကျွန်မရဲ့ဘဝကံကြမ္မာတွေအတွက် နေ့ကောင်း၊ နံကောင်း၊ နက္ခတ်ကောင်းတွေရအောင် တွက်ချက်ပြီး ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နာရီ၊ ဘယ်နစက္ကန့်ဝင်လာရင် အကောင်းဆုံးဆိုပြီး ကျွန်မအမေရဲ့ ကိုယ်ဝန်ကို ဗိုက်ခွဲပြီး ကျွန်မကို မွေးစေခဲ့တာပေါ့။ သဘာဝနဲ့ ဆန့်ကျင်မှုကြီးတစ်ခုကို မင်းဟာ အမွေကျင့်ခံလိုက်ရပြီး လောကကြီးထဲကို ဝင်လာတဲ့ သူတစ်ယောက်လို့ ရှင်ဟာ ကျွန်မကိုပြောခဲ့သေးတယ် မဟုတ်လား'

'ကျွန်မ လောကကြီးထဲကို ဝင်လာတော့ မိဘအသိုင်းအဝိုင်းတွေဟာ သူတို့လိုချင်တဲ့ပုံစံအတိုင်း အကောင်းဆုံးကျောင်းတွေ၊ အကောင်းဆုံးအရာတွေ၊ အကောင်းဆုံး မြင်ကွင်းတွေနဲ့ ကျွန်မဘဝကို ခရီးဆက်စေခဲ့တယ်။ ဖြတ်သန်းတဲ့ခရီးတိုင်းမှာ ကျွန်မအောင်မြင်ခဲ့တယ်။ ဘဝရဲ့ အသက်အရွယ်တစ်ခုအရောက်မှာ ကျွန်မဟာ ဂီတကို စိတ်ဝင်စားခဲ့တယ်။ အဲဒီအနုပညာမှာ စီးမျောခဲ့တယ်။ မိဘအသိုင်း အဝိုင်းကလည်း လိုလားစွာဖြင့် အားပေးတာပေါ့။ ဘယ်ဆရာကြီးဆီကို သွားပါ။ ဘယ်သူ့ဆီမှာ ပညာသင်ယူပါ။ ဘယ်သူနဲ့ စကားပြောပါ။ အားလုံးဟာ အဆင်သင့်ပဲ။ ကျွန်မ အောင်မြင်ခဲ့ပါတယ်။ သူတို့အပြောအရ ငါတို့နေ့သင့်နံသင့်တွက်ချက်ပြီး လောကကြီးထဲကို အချိန်ကောင်း၊ အခါကောင်းမှာ ဆွဲခေါ်လိုက်လို့ပေါ့။ ကျွန်မဇာတာမှာ အသက် (၁၂၀) ထိ ရှည်စေသော်ပေါ့။ ကျွန်မအောင်မြင်ခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်မရဲ့ အောင်မြင်မှုတွေ၊ ဂုဏ်တွေဟာ နှစ်အတိုင်းအတာတစ်ခုမှာ အကောင်းဆုံးလို့ သတင်းဌာနကြီးတစ်ခုက အစည်းအဝေးထိုင်ပြီး သတ်မှတ်ချက်တစ်ခုကို ပေးလိုက်တဲ့အချိန်မှာ လူတွေဟာ အုတ်အော်သောင်းတင်း အားပေးနေကြပြီ'

'အဲဒီအချိန်မှာလေ တယ်လီဖုန်းတစ်ခုက ကျွန်မဆီဝင်လာတယ်။ မင်းရောဂါတစ်ခုစွဲကပ်နေပြီ။ မင်းဟာ တစ်လအတွင်း သေရတော့မယ်။ ဆေးမရှိဘူး၊ ကုလို့လည်းမရဘူး၊ နှစ်ပေါင်းများစွာ မင်းခန္ဓာကိုယ်ထဲမှာ ပုန်းအောင်းနေတဲ့ ဝေဒနာဟာ အခုမှဘွားခနဲပေါ်လာတာ။ ကျွန်မရဲ့ မိသားစု သမားတော်ကြီးထံကပေါ့'

'တစ်ဖက်က အောင်မြင်နေတယ်။ တစ်ဖက်က ကံကြမ္မာက လောကကြီးက ထွက်ရမယ်ဆိုတဲ့ အမိန့်တစ်ခု။ အသနားခံခြင်း၊ တောင်းပန်ခြင်း၊ ယတြာချေခြင်း၊ ဆေးကုခြင်း လုပ်လို့မရဘူး။ ကျွန်မဇာတာမှာ အသက် (၁၂၀)ထိ ရှည်စေသော်ဆိုတဲ့ သတ်မှတ်ချက်ကြီးကိုလည်း နေ့သင့်နံသင့် တွက်ချက်ပေးတဲ့ ဆရာတွေကိုလည်း ဘာစကားတစ်ခွန်းမှ ဝင်မပြောနဲ့၊ ဆင်ခြေမပေးနဲ့ဆိုပြီး ကံကြမ္မာက အမိန့်ပေးလိုက်ပြီ'

'အို . . . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ မင်းနေထိုင်ခဲ့ရသမျှ မင်းအကောင်းဆုံး လုပ်ခဲ့တာပဲဟာ'

ကျွန်တော် အားပေးစကားတစ်ခုအား ပြောလိုက်ချိန်၌

'တစ်ခုမှ မဟုတ်ဘူး။ ကျွန်မ ရိုးသားစွာဖြင့် တစ်ခုမှလည်း လုပ်ခဲ့တာမဟုတ်ဘူး။ ကျွန်မဟာ မွေးဖွားလာကတည်းက ပုံစံခွက်ထဲမှာ နေခဲ့ရတာ။ ဘယ်နေ့ ဘယ်နေရာသွားပါ၊ ဘယ်နေ့ ဘာလုပ်ပါ အဲဒီပုံစံခွက်ထဲမှာ ကျွန်မဟာ မခံချင်စိတ်တစ်ခုတည်းနဲ့ အသက်ရှင်နေရတာ။ အဲဒီမခံချင်စိတ်ကလည်း ကျွန်မကို အောင်မြင်မှုတွေ ပေးခဲ့တယ်၊ ကျွန်မကိုယ်ကျွန်မ ပျော်တယ်လို့ ရှင်ထင်နေသလား၊ ရိုးသားမှုမှ ကျွန်မဘဝမှာ မရှိခဲ့တာ'

သူမ ပန်းချီကားကြီးကို ငေးကြည့်နေဆဲ။

'ကျွန်မသေရတော့မယ်။ နက်ဖြန်(သို့မဟုတ်) တစ်လအတွင်းဆိုတဲ့ အချိန်တစ်ခုမှာ ကျွန်မရဲ့ မခံချင်စိတ်က ကံကြမ္မာကရိုက်လိုက်တဲ့

သေခြင်းဆိုတဲ့ အမိန့်ကို လွန်ဆန်နိုင်မယ်ထင်သလား။ ကျွန်မပုံစံကတော့ မခံချင်စိတ်နဲ့ သေခြင်းတရားကို တည်ငြိမ်စွာ ရင်ဆိုင်နေတဲ့ ပုံပေါ်အောင် နေနေရတယ်။ အဲဒါ ကျွန်မဘဝရဲ့ မရိုးသားမှုတွေထဲက တစ်ခုပဲ။ ကျွန်မ ပရိသတ် ကျွန်မကို အထင်သေးသွားမလား အစရှိသဖြင့်ပေါ့လေ'

'တကယ်တော့ ကျွန်မ လောကကြီးမှာ နေချင်သေးတယ်။ အသက်ရှင်ချင်သေးတယ်။ လောကကြီးဟာ အင်မတန်ကြည်နူးစရာ ကောင်းပြီး သာယာလှပနေမှန်း ကျွန်မသေခြင်းတရားကို လက်ခံလိုက်ရတော့မှ သိလိုက်ရတယ်။ ကျွန်မ မသေချင်သေးဘူး။ ဒီလို အောင်မြင်နေတဲ့ဘဝ၊ စီမံပြီး ခေါ်ခံထားရတဲ့ဘဝနဲ့ လောကကြီးမှာ မနေချင်ဘူး။ သဘာဝအလျောက် ဝင်လာပြီး မိမိအကျိုးပေးတစ်ခုနဲ့ ဆင်းရဲရင် ဆင်းရဲမယ်။ ချမ်းသာရင် ချမ်းသာမယ်။ လွတ်လပ်မှုနဲ့ ရင်ဆိုင်မှုကြားမှာ ကျွန်မဟာပုံစံခွက်ထဲမှာ မနေရဘဲ သေခြင်းတရားကို ရင်ဆိုင်ချင်လိုက်တာ'

'တကယ်တမ်းကျတော့ ဘဝမှာ မခံချင်စိတ်နဲ့ ရင်ဆိုင်တာဟာ အတိုင်းအတာတစ်ခုထိပဲ မှန်တယ်။ ဘဝဆိုတာကို လူတိုင်းဟာ ပုံစံအမျိုးမျိုးနဲ့ ဖွင့်နေကြပေမယ့် သူ့ပုံစံနဲ့သူတော့ မှန်နေကြတာပါ။ သဘာဝအလျောက် ကျွန်မသည် သေခြင်းတရားကို ကြောက်လန့်ပြီး အော်ဟစ်တောင်းပန်ရင်း လောကကြီးက ထွက်ခွာသွားချင်တာ'

သူမနဲ့ကျွန်တော် ပန်းချီကားကြီးအား ငေးကြည့်နေစဉ်

'ကျွန်မ သဘာဝကို နားမလည်ခဲ့ဘူး။ နားလည်အောင်လည်း မကြိုးစားခဲ့တာ ကျွန်မအပြစ်ပဲ'

ကျွန်တော်သူမအတွက် ကောင်းမှုတစ်ခုခု (သို့မဟုတ်) သဘာဝကျမှုတစ်ခုခုအားလုပ်ပေးခဲ့ပါသည်။ သူမ၏ ပုံတူပန်းချီကားကြီးမှ ခတ်ထားသော ရွှေဘောင်များအား တစ်စစီဖြုတ်ပစ်၍ အနားစများ

ဖွာလန်ကြဲနေသော သူမ၏ ပန်းချီပုံတူကို နံရံပေါ်၌ ပြန်လည်ချိတ်ဆွဲပေးခဲ့ပါသည်။

'နေထိုင်ခွင့်ရတဲ့ အချိန်ကလေးအတွင်းမှာအတတ်နိုင်ဆုံး မင်းသဘာဝကျကျ နေကြည့်ပါဦး'

သူမထံမှ လှည့်ထွက်ခဲ့ပါသည်။ ထို့နောက် ရက်သတ္တပတ်အကြာတွင် သူမ၏ရှာပနကို ကျွန်တော်လိုက်လံပို့ဆောင်ခြင်းအမှုအား ပြုခဲ့ပါသည်။ ပရိသတ်များ ကင်းရှင်းသွား၍ တောင်ကုန်းကလေးများ စီရီသပ်ရပ်နေသော ဥယျာဉ်ကလေးဟုခေါ်ထိုက်သည့် သုသာန်ကလေးအတွင်း သူမအိပ်စက်ရာနံဘေး၌ တစ်ကိုယ်တည်းထိုင်ရင်း

'ဘဝဆိုတဲ့ ကြီးမားတဲ့အနုပညာဇာတ်ခုံကြီးမှာ လူတွေဟာ ပုံစံအမျိုးမျိုးနဲ့ အသုံးတော်ခံကြတာပဲ။ ဘာဖြစ်လို့ လူတွေဟာ ပုံစံခွက်အတွင်း တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ပုံသွင်းချင်ကြလည်း မသိဘူး'

ရုတ်တရက် အဝေးတစ်နေရာမှ ခရီးဖော် ပုံပြောသမားကြီးအဘိုးအိုသည် ကျွန်တော့်နံဘေးသို့ရောက်လာရင်း 'ပုံစံခွက်ထဲမှာ ဘဝကိုပြီးဆုံးခြင်းခံရတဲ့ သူငယ်မအတွက် မင်းခံစားနေရတာမဟုတ်လား'

ကျွန်တော် မငြင်းသာ။

'မင်းတစ်ချိန်တုန်းက ပါရီမြို့လမ်းကြားကလေးမှာ ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုး၊ အခန်းကဏ္ဍ အမျိုးမျိုးမှာ အားရပါးရကမ်းကုန်အောင်လုပ်ခဲ့ပြီး ပုံစံခွက်ထဲက ဖိတ်စဉ်ကျလာပြီးတော့ ကမ္ဘာလောကကြီးမှာ ကလေးငယ်တစ်ယောက်လို တစ်ခုခုကိုတောင်းခံနေ တဲ့ ပုဂ္ဂိုလ်တွေကို မင်းတွေ့လိုက်ချိန်တုန်းက သူတို့ကို မင်းအမြင်တစ်ခု နဲ့ မြင်ခဲ့တယ်မဟုတ်လား။ အခုရော ငါ့မြေး . . .'

ကျွန်တော် ဆွံ့အသွားပါသည်။ ကျွန်တော်ဘာတစ်ခုမျှ တုံ့ပြန်ချက်မပေးနိုင်တော့ပါ။

'လူဆိုတာ ပုံစံခွက်ထဲမှာ သွတ်သွင်းလို့မရတဲ့ သတ္တဝါတစ်ခုပဲ၊ လောကကြီးဟာလည်း ပုံစံချလို့မရတဲ့ အကြောင်းတရားကြီးအောက်မှာ မင်းအနေနဲ့ အပြန်အလှန်လိုက်လျောညီထွေ စည်းချက်ညီစွာနဲ့ ဟန်ချက်ညီညီနေထိုင်ဖို့တော့ လိုအပ်တာပေါ့'

ပုံပြောသမားကြီး အဘိုးအို ရုတ်တရက်ပျောက်ကွယ်သွားပါသည်။

ကျွန်တော်တစ်ကိုယ်တည်း စဉ်းစားရင်းမှ ပုံစံသွင်း၍ မရသော ကျွန်တော့်ဘဝ၊ အနုပညာ၊ ပုံစံသွင်း၍မရသော လောကအကြောင်းတရားအောက်၌ ကျွန်တော်သည် သေခြင်းတရားကို ရင်ဆိုင်ရပါတော့မည်။ အပြန်အလှန်သဘောတူညီမှုတစ်ခုဖြင့် ကျွန်တော်သေဖို့ဆဲဆဲအချိန်တွင် သတ္တဝါတို့၏ ဆန္ဒ၊ တဏှာအတိုင်း သေငယ်ဇောဖြင့် ကျွန်တော်၏ မိတ်ဆွေများအား တမ်းတခြင်း၊ သားသမီးများအား တမ်းတခြင်း၊ မိခင်အား အပြင်းအထန်တမ်းတခြင်း၊ သူတို့ကလည်း အသက်ရှင်မှာပါဟု ကျွန်တော့်အား စိတ်ချမ်းသာအောင် လိမ်လည်နေကြခြင်းကြား၌ ကျွန်တော် လောကကြီးက ထွက်ခွာသွားပါမည်။ ကျွန်တော်သည်လည်း လောကကြီးနှင့် ကံကြမ္မာကြား၌ နေထိုင်ရန်အတွက် အပြန်အလှန်နားလည်ခြင်းတစ်ရပ်ကို ကြိုးစားတည်ဆောက်ပါမည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

## ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 6

## မေတ္တာဖြင့် ထုံမွမ်းအပ်သောအပြုံးဖြင့်ပြုံးခြင်း

အသက်ရှင်နေထိုင်နိုင်ရန်အတွက် မေတ္တာဖြင့်ထုံမွမ်းသော အပြုံးများသာ ပြုံးပြပါတော့မည်။

## ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 6

## မေတ္တာဖြင့်ထုံမွမ်းအပ်သောအပြုံးဖြင့်ပြုံးခြင်း

မားကိုကိုင်ကာ . . . မြင်းကိုစီးလို့ . . . စစ်ဗိုလ်ကြီးများ လုပ်မလားတော့ မောင် . . . မေးတော့ ပြုံးသယောင်ယောင် . . . မြေဖြူကိုင်ကာ . . . ခေါင်းလောင်းတီးလို့ . . . ကျောင်းဆရာကြီးများ လုပ်မလားတော့မောင် . . . မေးတော့ ပြုံးသယောင်ယောင် . . .

ပြုံးသယောင် . . . ပြုံးယောင်ယောင် . . . အမေ့သား ပြုံးယောင်ယောင်

ကျေးလက် ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ်၌ ကျွန်တော့် အပြုံးကလေးနှင့် ဘဝနေထိုင်မှုတစ်ခုအတွက် အမေသည် ဤသီချင်း လေးဖြင့် ရွတ်ဆို၍ နေခဲ့ပါသည်။ အမေရွတ်ဆိုသော သီချင်းသံစဉ် စာသားတို့၌ ကျွန်တော်လိုက်ပါစီးမျောရင်း ယနေ့အထိ ထမင်းတစ်လုတ် အတွက် ပုံစံအမျိုးမျိုးဖြင့် ကမ္ဘာအနှံ့ ခရီးသွားရင်း ပတ်ဝန်းကျင်တစ်ခုလုံး အား တိတိကျကျမရှိသော အပြုံးတစ်ခုဖြင့်သာ ကျွန်တော်ပြုံးနိုင်ခဲ့ပါ သည်။

အမှေ့အိမ်နှင့် အလွန်ဝေးကွာလှသော ဥရောပမြေထဲပင်လယ် ဝန်းကျင်တစ်ခု၌ ကျွန်တော်ခရီးတစ်ထောက်နားခဲ့ပါသည်။

ပကတိအပြစ်ကင်းစင်သော ရုပ်သွင်နှင့် ကြည်ညိုဖွယ်ဆောင် သော သီလရှင်လေးများသည် အဖဘုရားသခင်ကျောင်း ပရိဝုဏ်အတွင်း သန့်ရှင်းခြင်းအမှု ဝေယျာဝစ္စများကို တစ်နေ့တာ ဆောင်ရွက်သည့် ဝတ္တရားအတိုင်း လုပ်ဆောင်ပြီး အဖဘုရားသခင်၏ ကျေးဇူးတော်အား မေတ္တာတရားတို့ဖြင့်ထုံမွမ်း၍ သံစဉ်၊ စာသား၊ ဂီတတို့ဖြင့် ရွတ်ဆို ပူဇော်လိုက်ချိန်တွင် သီလရှင်ကလေးများအား ကျွန်တော်ငေးကြည့်ရင်း အသိတရား၊ ဆင်ခြင်တုံတရား ကင်းမဲ့သွားပါတော့သည်။ သူတို့၏ သံစဉ်ဖြစ်သော ဂီတတွင်နစ်မျောသွားပါသည်။

'ဆိုပါ နှမရယ် မင်းတို့ရဲ့သံစဉ်ဂီတတွေဟာ ဒီကစိတ်ကြမ်း၊ လူကြမ်း အရိုင်းကောင်ကြီးရဲ့ နှလုံးသားအထက်ကို ကျဆင်းလာခဲ့တဲ့ ဧဝရက်တောင်ထိပ်က နှင်းစက်တစ်စက်လို ကြည်လင်အေးမြတယ်'

ကျွန်တော် အပြုံးတစ်ခုပြုံးနိုင်ခဲ့ပါသည်။ ဤအပြုံးက အမေ ပြောသော ပြုံးသယောင်ယောင် အပြုံးမဟုတ်ပါ။ အဓိပ္ပာယ်တစ်ခုရှိမှန်း တော့ ကျွန်တော် သိလိုက်ပါသည်။ ဘဝတဏှာ LUST တို့ဖြင့် အလွန် ကြီးမားနေသော ကျွန်တော်သည် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော ကိုယ် တော်ရှင်၏ မေတ္တာကြီးမားပုံကို ကျွန်တော်ပြည့်ပြည့်ဝဝ မစဉ်းစားခဲ့ပါ။ သူတို့၏အသံ၊ သူတို့၏သံစဉ်၊ သူတို့၏ဂီတများတွင် ဘဝတဏှာ LUST ကြီးမားစွာဖြင့် စီးမျောရင်း သာယာမက်မောစွာ တွယ်ဖက်ခဲ့ပါသည်။ မေတ္တာတရားထားတတ်ဖို့အကြောင်း နှလုံးသား၌ ငြိတွယ်စပြုလာပါ သည်။ ဘဝတဏှာကြီး LUST အား မေတ္တာနှင့် ယှဉ်တွဲနေထိုင်မှုကို နှစ်ခြိုက်စပြုလာပါသည်။

သူတို့နှင့်ကျွန်တော်ခွဲခွာ၍ ဂင်္ဂါမြစ်ရိုးတစ်လျှောက် ဟိန္ဒူနတ်

ဘုရားကျောင်းများတွင် ရာသီခိုငှက်တစ်ကောင်ကဲ့သို့ ပျံသန်းနားခိုခဲ့ပါသည်။ ဟိန္ဒူနတ်ဘုရားများ မယ်တော်များ၏ ဝေယျာဝစ္စများအား ဘုန်းကြီးကိုရင်ကလေးများ၏ နေ့စဉ် ဂါရဝပြု၍လုပ်ကိုင်ကြရင်း ညနေစောင်းတွင် တေးဂီတများဖြင့် မယ်တော်များ၏ ကျေးဇူးတော် မေတ္တာတရားများကို ထုံမွှမ်း၍ ဂီတသံစဉ်ဖြင့် တီးမှုတ်ကျေးဇူးဆပ်နေကြပါသည်။

ကြည်လင်သန့်ရှင်းသော မိန်းမငယ်လေးသည် ဆီတာဟုသော အိန္ဒိယကြိုးတပ်တူရိယာဖြင့် မေတ္တာတရားဘွဲ့အားတီးခတ်၍ ကျေးဇူးပြုသီဆိုနေပါသည်။ သူမ၏ရင်ထဲအသည်းထဲမှ နှိုက်ကြီးတငင် သဒ္ဓါစိတ်အပြည့်ဖြင့် ထွက်ပေါ်လာသော သံစဉ်၊ စာသား၊ ဂီတတို့သည် ကျွန်တော့်နှလုံးသားကို အရှိန်အဟုန်ပြင်းစွာဖြင့် ရိုက်ခတ်လိုက်ပါသည်။ အသိတရား၊ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် သူမ၏ဂီတသံစဉ်များတွင် လိုက်ပါစီးမျောရင်း'နှမရယ် မင်းဂီတသံစဉ်တွေဟာ ငါ့နှလုံးသားပေါ်ကျလာတဲ့ဟိမဝန္တာတောင်ထိပ်က ကျလာတဲ့နှင်းရေပေါက်တစ်စက်လိုပါပဲ'

ထို့နောက် ကျွန်တော် ဂင်္ဂါမြစ်ရိုးတစ်လျှောက်ကိုဖြတ်ကျော်ပြီး နှင်းစိုင်၊ နှင်းခဲတို့ဖြင့် ပြည့်သိပ်သီးနေသော တိဘက်တောင်တန်းကြီးများကြားမှ ဗုဒ္ဓ၏သမီးတော်များဖြစ်သည့် သီလရှင်လေးများ၏ ဗုဒ္ဓ၏ကျေးဇူးများအား ရွတ်ဆိုသံအား နှလုံးသားဖြင့် ထိတွေ့ရင်း . . . .

'ရွတ်ဆိုပါ နှမရယ် မင်းတို့သံစဉ်တွေဟာ ငါ့နှလုံးသားကို ရိုက်ခတ်လိုက်တဲ့ တိဘက်ကုန်းမြေမြင့်က နှင်းလေးတစ်စက်လိုပါပဲ'

ကျွန်တော် ပြီးသယောင်ယောင်မဟုတ်သော အပြီးတစ်ခုအား ပြီးနိုင်ခဲ့ပါသည်။ ဘဝတဏှာ LUST အား မေတ္တာဖြင့် ယှဉ်တွဲနေထိုင်ဖို့ နှစ်ခြိုက်စပြုလာပါသည်။

ရာသီအနံ့ခရီးဆက်ရင်း အမေ့အိမ်သို့ခရီးတစ်ထောက်နားခို

ရန် ရောက်လာပါသည်။ ငါ့သား ပြုံးသယောင်ယောင်ဟု နှုတ်ဆက်လိုက်ချိန်၌ အမေသည် အိပ်မင်းနေပါသည်။ သို့သော် သူမ၏သားဖြစ်သော၊ သူမ၏ဘဝတဏှာဟူသော ကျွန်တော့်အတွက် ရွှင်လန်းစွာ အသက်ရှင်နေဆဲ။ ကျွန်တော် အမေ့အိမ်မနီးမဝေးရှိ ဗုဒ္ဓကျောင်းကလေးသို့ ခရီးဆက်ခဲ့ပါသည်။ ကျောင်းကလေးအဝင်သို့ မရောက်ခင် ကိုမောင်မောင်ရေးဖွဲ့ပြီး ကိုခင်မောင်တိုးသီဆိုသည့် 'ဆည်းလည်းရှိုက်သံ'သီချင်း ကလေးသည် အဝေးတစ်နေရာမှ ပျံ့လွင့်လာပါသည်။ ကျွန်တော် ဗုဒ္ဓကျောင်းကလေးအတွင်းသို့ မဝင်နိုင်သေးဘဲ သီချင်းကလေးအား ငေတ်မွတ်သိပ်သည်းစွာဖြင့် နားထောင်နေပါသည်။ အဝေးတစ်နေရာမှ ကျွန်တော့်ခရီးသွားဖော် ပုံပြောသမားကြီးအဘိုးအိုသည် ရောက်လာပါသည်။

'မင်းဘာဖြစ်လို့ ဒီသီချင်းကို ငတ်မွတ်သိပ်သည်းစွာ နားထောင်နေရတာလဲ'

ကျွန်တော်သီချင်းစာသားများအား တစ်လုံးချင်းလိုက်ဆိုရင်း ခံစားမှုတစ်ခုအတွက် ပုံပြောသမားကြီးအဘိုးအိုအား လျှောက်လဲလိုက်ပါသည်။

*'ဆည်းလည်းလေးများ ပွတ်တိုက်ရှိုက်သံလို*
*ခေါင်းလောင်းကလေးများ ထိုးနှက်လိုက်သလို*
*ကြားရတဲ့အနိုက်အတန့်မှာ*
*အေးငြိမ်းတဲ့ ကျောင်းအနိုပ်ဆီ*
*လှမ်းရင်းပြေးလို့ တွေ့လိုက်ချင်ရဲ့'*

'အဘိုးရေ ဆည်းလည်းလေးများ ပွတ်တိုက်ရှိုက်သံကလေးများကို ကြားလိုက်ရတဲ့အခါ၊ ခေါင်းလောင်းကလေးများ ထိုးနှက်သံလို ကြားလိုက်ရတဲ့အခါ ဒီအသံတွေကြားရလျှင် ကြားရခြင်း ဒီအသံမဟုတ်တော့ဘူး။ အခြားအသံတစ်ခု ဖြစ်နေပြီအဘိုး။ ရုပ်ဝတ္ထုတွေဟာ တစ်ဒင်

လေးအတွင်းမှာ ဖြစ်လိုက်ပျက်လိုက်နဲ့ ပြောင်းလဲနေရတဲ့ သင်္ခါရတရား ကို ကျွန်တော်သံဝေဂရလိုက်တဲ့အချိန်မှာ လူ့ဘဝရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေရဲ့ လွတ်မြောက်ရာလမ်းကို ပေးနိုင်တဲ့ ဗုဒ္ဓရဲ့အေးချမ်းတဲ့ ကျောင်းကလေးဆီကို ပြေးသွားလိုက်ချင်တယ် အဘိုးရယ်'

'ကဲ . . . ငါ့မြေး ဆက်ပါဦးကွယ် မင်းအခုခံစားနေရမှုတွေကို ပေါ့'

***'ကျေးငှက်ကလေးတို့ ရှတ်တရက်ထပျံစဉ်***

***သစ်ရွက်ခြောက်မှို လွင့်လို့ကြွေတာဆို***

***မင်းအတွက်တော့ အမှတ်တမဲ့သာ***

***ငါ့ဘက်က ဘဝတစ်သက်တာ***

***ဆုံးရှုံးမှုနှင့်ချွေးသိပ်ကာ မေ့ပစ်လိုက်ချင်ရဲ့'***

'အဘိုးရယ် လူ့ဘဝဟာ မွေးဖွားလိုက်၊သေဆုံးသွားလိုက်နဲ့ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ နေ့တစ္ဝဖြစ်ပျက်နေတဲ့ ဖြစ်လိုက်၊ ပျက် လိုက်မြင်ကွင်းတွေ အဖြစ်သနစ်တွေကို ကျွန်တော်တို့က ပေါ့ပေါ့တန် တန် သဘောထားခဲ့ကြတယ်။ လူတစ်ယောက် သေဆုံးသွားတာကိုလည်း ဘဝတစ်ပါးပြောင်းရွှေ့သွားတာကို ငှက်ကလေးတွေ ကောင်းကင်ကို ရှတ်တရက် ထပျံသွားသလို သစ်ရွက်ခြောက်ကလေးတစ်ခု ကြွေသွား ရတာပါလို့ ပေါ့ပေါ့တန်တန် တွေးကြတာပေါ့။ အင်မတန်ရခဲလှတဲ့ လူ့ဘဝကို အမှတ်တမဲ့နေခဲ့ကြတယ်လေ။ ဘဝကစ်ခုလုံးနဲ့ရင်းပြီး လွတ်မြောက်ရာလမ်းကို ရှာဖွေချိန်မှာ ဆုံးရှုံးမှုပေဟွအားလုံးကို ချွေးသိပ် ပြီး မေ့ပစ်လိုက်တာပဲ ကောင်းပါတယ်လို့ ဖြေဆည်မိတာပေါ့ဗျာ'

'ဆက်ပါဦး ငါ့မြေးရယ် ဆက်ပါဦး'

***'မိုးနှောင်းကျရေစီးသည့် ချောင်းငယ်ရေ***

***တေးသွားလေးဆိုညည်းရင်း ကျောက်ဆိုင်ကို***

*ဖြည်းဖြည်းချင်းပွတ်တိုက်ကာ နေ့လရက်ဆက်ခဲ့စဉ်*

*စီးဆင်းရင်းနဲ့ ရွေ့ခဲ့တယ်တဲ့'*

'မိုးနှောင်းကျမှ စီးရတဲ့ ချောင်းငယ်ရေရဲ့ဘဝဟာ ဘယ်မှာလာပြီးတော့သန်မာအားကောင်းပါ့မလဲ။ ဒါပေမဲ့ သူ့ရဲ့ လက်ခံရရှိတဲ့ မိုးနှောင်းကျမှ စီးရတဲ့ချောင်းငယ်ရေဘဝလေးကို စိတ်မပျက်၊ အားမငယ်ဘဲ သတ္တိရှိရှိလက်ခံယူရင်း၊ ဘဝရဲ့အတိုက်အခိုက်တွေအားလုံးကို တေးသွားအဖြစ် သူဆိုညည်းရင်း သူသွားရမယ့်လမ်းမှာ ရှိနေတဲ့အပိတ်အဆို့၊ အတားအဆီး၊ အခက်အခဲ၊ ကျောက်စိုင်ကျောက်တုံးတွေကို ရှိသမျှခွန်အားကလေးနဲ့ တဖြည်းဖြည်းပွတ်တိုက်ခဲ့ရင်းက နောက်ဆုံးနေ့ရက်လကြာလာတော့ အခက်အခဲတွေအားလုံးကို လွန်မြောက်ခဲ့ရတာပေါ့'

'ဆက်ပါဦး ငါ့မြေးရဲ့'

*'ဆည်းလည်းလေးများ မြတဲ့တရားသံကို*

*စမ်းချောင်းကလေးတို့ ဂွဲနဲ့အားမာန်နဲ့*

*ပေါင်းစပ်ပြီး ကျင့်ခဲ့ရင်*

*အေးငြိမ်းတဲ့သစ်ရိပ်မှာ*

*စွန့်လွှတ်မှုနဲ့ ခွင့်လွှတ်စည်၊ ငြိမ်းသွားလိမ့်မယ်တဲ့'*

'ဒီတော့ အဘိုးရာ ကျွန်တော်တို့ လူသားအားလုံးဟာ ဖြစ်လာရတဲ့ လူ့ဘဝကို အားငယ်မနေဘဲ ဆည်းလည်းကလေးများက ပြသလိုက်တဲ့ ငါသည် ငါမဟုတ်၊ ထိုအရာသည် ထိုအရာမဟုတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေကို အမှန်မြင်အောင်ကြည့်ပြီး မိုးနှောင်းကျမှ စီးဆင်းရတဲ့ ချောင်းငယ်ရေကလေးကတောင် သူ့ဘဝလေးကို သူကျေနပ်စွာလက်ခံရင်း အခက်အခဲတွေကို ကျော်လွှားနိုင်သေးတာ ကျွန်တော်တို့လူသားတွေကလည်း ဒီစမ်းချောင်းကလေးရဲ့ အားမာန်အတိုင်း ပေါင်း

စပ်ကျင့်ခဲ့ရင် အရာရာစွန့်လွှတ်ရဲမှု၊ ခွင့်လွှတ်မှုတို့နဲ့ ဗုဒ္ဓရဲ့ ငြိမ်းချမ်းတဲ့ သစ်ရိပ်အောက်မှာ ထာဝရအေးချမ်းတဲ့ နိဗ္ဗာန်ကိုရမှာ အမှန်ပဲ အဘိုး'

'ဒီလိုဆို ငါ့မြေးအနေနဲ့ ဘဝတဏှာ အဝိဇ္ဇာချုပ်ငြိမ်းရာ အပြစ်ကင်းစင်တဲ့ရပ်ဝန်းဖြစ်တဲ့ ပဋိသန္ဓေဝင်မှုမရှိတဲ့ နိဗ္ဗာန်ဆိုတဲ့အရပ်ကို မင်းအသိတရား၊ သတိဆင်ခြင်တုံတရားနဲ့ သိလိုက်ရပြီပဲ ငါ့မြေးရယ်။ ဘဝမှာလေ အသိလေးတစ်ချက်၊ အတွေးကလေးတစ်ချက်နဲ့ မင်းဟာ တဏှာချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီပဲ။ မင်းဝီရိယလေး စိုက်လိုက်ရုံပါပဲ။ မင်း အခုဘဝမှာ သိပ်ပင်ပန်းနေပြီ။ မင်းပြုံးတဲ့ အပြုံးတွေ၊ မင်းအမေပြောတဲ့ ပြုံးသယောင်ယောင်ပြုံးတွေထက် သာလွန်တဲ့ ပြုသူသည်လည်းကောင်း၊ အပြုခံရသူသည်လည်းကောင်း၊ အောင်နိုင်သူသည်လည်းကောင်း၊ ရှုံးနိမ့်သူသည်လည်းကောင်း ရောထွေးယှက်ငင်စွာ သွားနေသည့် သံသရာကြီးထဲက လွတ်မြောက်အောင်မြင် ဖောက်ထွက်သွားတဲ့အပြုံးကို မင်းပြုံးနိုင်ဖို့ ငွဲ့ ဝီရိယပဲလိုတော့တာပဲ ငါ့မြေးရယ်'

ပုံပြောသမားကြီး အဘိုးအိုသည် ကျွန်တော့်အား ဗုဒ္ဓကျောင်းအရိပ်အတွင်းသို့ အတင်းအကျပ် မောင်းသွင်းလိုက်ပါသည်။ ကျွန်တော်သည် အဘိုးအိုလက်မှ အတင်းရုန်းထွက်၍ အမေ့ဆီသို့ အပြေးပြန်ခဲ့ပါသည်။ အဘိုးအိုသည် ကျွန်တော့်အားငေးကြည့်ရင်း ပျောက်ကွယ်သွားပါသည်။ တစ်ချိန်က ကျွန်တော်ပြုံးခဲ့သော အပြုံးများသည် လက်စားချေခြင်း၊ မကျေနပ်ခြင်း၊ ဝန်တိုဒေါသကြီးခြင်းဖြင့် ပြည့်နှက်နေသော ပြုံးသယောင်ယောင် အပြုံးများသာ ဖြစ်ပါသည်။ ယခုအခါ ကျွန်တော်သည် အမေနှင့် ပတ်ဝန်းကျင်တစ်ခုလုံးအား ကျွန်တော့်ဘဝတဏှာ LUST ၌ သံစဉ်၊ ဂီတ၊ စာသား၊ ကဗျာများအား လိုလားနှစ်မြို့က် ရှိုက်ကြီးတငင် မက်မောစွာဖြင့် ရွတ်ဆို၍ အသက်ရှင်နေထိုင်ရန်အတွက် မေတ္တာဖြင့် ထုံမွမ်းသောအပြုံးများသာ ပြုံးပြပါတော့မည်။ ဤသည်က ကျွန်တော့်

ဘဝ အနုပညာနှင့် နေထိုင်ခြင်းတစ်ရပ် ဖြစ်ပါသည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ )

# ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 7

## ဟန်ဆောင်ခြင်း

ဘဝနေထိုင်ခြင်း၊ ဘဝအနုပညာအတွက် ဟန်ဆောင်ခြင်းကို ရှောင်ရှားပါမည်။

# ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 7

## ဟန်ဆောင်ခြင်း

အား . . .

ဘယ်အရာတွေကများ

အသင့်ကို

နာဖျားမကျန်း

ဖြစ်စေနိုင်စွမ်းတာတဲ့လဲ။

ကံခေသူ လူသားငယ်

. . . ဟူသော ဂျွန်ဂီတ်စ်ကဗျာထဲတွင် ကျွန်တော်ကျိန်စာများ စွာမိ၍ နေထိုင်ခဲ့ရပါသည်။ ကဗျာစာပိုဒ်များအတိုင်း ကျွန်တော်သည် ပတ်ဝန်းကျင်တစ်ခုလုံးအား ဘာဆိုဘာမျှ မမြင်မိသည်မှာ သူမသည် ကျွန်တော့်အား ဘေးတိုက်မှိုခိုနေ၍ ဖြစ်ပါသည်။ ပြီးတော့ ကျွန်တော့် ဘဝသည် သူမထံတွင် စီးမျောနစ်ပါ အိပ်စက်သွားပါသည်။

ကျွန်တော် အိပ်ရာထက်မှ နိုးလာသောအချိန်၌ သူမ,မရှိတော့ ပါ။

ပြီးတော့ . . . ။

အဲဒီဟာ ဟောဒီမှာ

ကျုပ် . . .

နားခို၊ မှီတင်းနေရခြင်းရဲ့

အကြောင်းရင်းပေပဲ။

ဂျွန်ကိတ်စ်ကဗျာစာသား၊ ကိုန်စာများထဲတွင် ကျွန်တော်သည် အချစ်ကြောင့် ဘဝပျက်ခဲ့ရပါသည်။ သို့သော် ကျွန်တော် အသက်ရှင်လျက်ရှိနေပါသည်။ ကျွန်တော်ဘာကြောင့် အသက်ရှင်နေရခြင်းကို မသိခဲ့ပါ။ ထို့နောက် တစ်နေ့ပြီးတစ်နေ့ တစ်သွားပြီး သွားနေရသော ဘဝခရီးတစ်လျှောက်၌ . . .

ဩော် . . .

အမြိုက်ရည်သံဝေဂကို

တစ်ဝကြီးသောက်ခဲ့ပြီးမှ

သာရအနှစ်

ဗလာဖြစ်တဲ့ လောကသမ္မာကို

ခိုလှုံရာအဖြစ်တွေးပြီး

ဘယ်မှာလာ ငါရွေးနိုင်တော့မှာတဲ့လဲ။

အင်မလီဘရွန်တီ၏ ဘဝသံဝေဂယူစရာဖြစ်သော ကဗျာတစ်ပုဒ်ကို ကျွန်တော်မလွဲမသွေ ဘဝနဲ့ရင်း၍ ရွတ်ဆိုလိုက်ရပါသည်။ ဘဝခံတွင်းပျက်ခြင်း ဝေဒနာကို အလူးအလိမ့်ခံစားနေရသောအချိန်၌ . . .

သောက်ပစ်လိုက် . . . အရက်ချိုခါးခါးတွေ

သောက်ပစ်လိုက် . . . စိတ်ငြိမ်ဆေးတွေ

အပေါင်းအသင်းများ၊ ဆရာဝန်များ၊ စိတ်ရောဂါကုပညာရှင်များက ကျွန်တော့်ဘဝခံတွင်းပျက်ဝေဒနာအတွက် မကောင်းမှုသိလျက်နှင့်

ဤဆေးများအား ညွှန်ကြားနေပါသည်။ ကျွန်တော်အသက်ရှင်နေထိုင်ရန် သူတို့စေတနာနှင့် လုပ်ဆောင်ပေးနေခြင်းဖြစ်ကောင်း ဖြစ်လိမ့်မည်။

ကျွန်တော်တစ်ကိုယ်တည်း ညည်းလိုက်ပါသည်။

'အားလုံးပဲ ကျွန်တော့်ဆီက ခပ်ယူသွားပြီးတော့ . . . ဘာဆို ဘာမျှ မကျန်အောင် လုပ်ခဲ့ပြီးတာတောင်'

သို့သော် ကျွန်တော်အသက်ရှင်နေပါသည်၊ ဘာကြောင့် အသက်ရှင်နေသည်ကို မသိပါ။

'ခံစားနေရတာကို ခံစားနေရတယ်လို့ သိနေရခြင်းဟာ ခံစားနေရခြင်းတစ်မျိုးပါပဲ'

ကျွန်တော် တိုးတိုးကလေး ညည်းလိုက်ချိန်၌

'ကိုယ်လေ တရားနဲ့ ဖြေတယ်လေ'

ကျွန်တော့်ဘာသာ ကျွန်တော့်ဘဝနှင့် လောကဓံတရားခံစားနေရသမျှကို တရားနှင့်ဖြေရန် ညည်းဆိုလိုက်ခြင်း ဖြစ်ပါသည်။ သို့သော် ကျွန်တော့်အတွက် မဖြစ်နိုင်ပါ။ ဘာတွေကို တမ်းတရဦးမှာလဲ။ ဘာတွေကို မက်မောရဦးမှာလဲ။ နောက်ဆုံးတော့ ကိုယ်လိုချင်တာ ကိုယ်မြတ်နိုးတာလေးတစ်ခုကို ရယူတွယ်ဖက်ဖို့ ပေးလိုက်ရတာ၊ ဆပ်လိုက်ရတာ၊ အရင်းထဲကတောင်ပါသွားပြီး အနှုတ်တောင် ခံလိုက်ရသေးတယ်။

'မင်း . . . အသက်ရှင်နေသေးတယ်'

ပြတ်သားမာကျောသော အသံတစ်ခုဖြင့် ကျွန်တော့်ဘဝ၏ ခရီးဖော် ပုံပြောသမားကြီး အဘိုးအိုသည် ကျွန်တော့်အနားသို့ ရောက်လာပါသည်။

'ဟုတ်တယ် ကျွန်တော် အသက်ရှင်နေတယ်'

'မင်း မနက်ဖြန်ကို လိုချင်သေးလား'

'မလိုချင်တော့ပါဘူး၊ မလိုချင်လည်း သူက အချိန်တန်ရင်

ရောက်လာမှာပဲဟာ။ ပြီးတော့ မိုးချုပ်သွားမှာပဲဟာ။ ဖြစ်ရိုးဖြစ်စဉ်တစ်ခု မှာ ကိုယ်က လိုက်ပါနေရဦးမှာပဲ'

'မင်းက ဘဝတဏှာ Lust ကြီးကို မင်းက စားရမှာလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီတဝင်းဝင်းဖြစ်နေတာကိုး၊ မင်းဘယ်လို ပုံစံနဲ့ စားသုံးမလဲ ငါ့မြေး၊ စွန့်ချ ၊ စွန့်ပစ်လို့လည်း မရဘူးနော်'

'ဟုတ်တယ်နော် ကျွန်တော် လောကကြီးထဲက ထွက်ဖို့တောင် ဆုံးဖြတ်ချက်ချလိုက်သေးတယ်။ ဒါပေမဲ့ မလုပ်ရက်ဘူး။ မလုပ်ရဲတာ မဟုတ်ဘူးနော်'

'မဆိုစလောက်ရှိသေးတဲ့ ဘဝတဏှာ Lust ကို မင်းမက်မောနေတာပဲ'

ကျွန်တော် ရှက်ရွံ့စွာဖြင့် နှုတ်မှဝန်မခံဘဲ ခေါင်းညိတ်လိုက်ပါသည်။ ယောကျ်ားတစ်ယောက်၏ တလွဲမာနတစ်ခုကို အဘိုးသိပုံရပါသည်။ အဘိုး နှစ်မြိုက်စွာပြုံးရင်း . . .

'ကိုယ့်ဘဝ အနုပညာကို ဘယ်လို တယုတယမမွေးဘဲနဲ့ လွဲမှားစွာ အတ္တမာနတွေနဲ့ အသက်ရှင်နေခဲ့ရတာကိုး။ ဟေ့ . . . ငါ့မြေး . . . လူဆိုတာ ကိုယ့်အကြောင်းကိုယ် အသိဆုံးပဲ။ ကိုယ့်ကိုယ်ကို မညာနဲ့။ ဘယ်သူ့ကိုညာညာ ရတယ်။ ကိုယ့်ကိုယ်ကိုညာရင် ညာရင်း ညာရင်းနဲ့ ညံ့သွားလိမ့်မယ်။ မင်းကို ဘယ်သူမှ ညံ့အောင်လုပ်နေတာ မဟုတ်ဘူး၊ မင်းကိုမင်း ညံ့အောင်လုပ်ခဲ့တာ၊ မင်းကိုယ်မင်း ဖျက်ဆီးခဲ့တာ။ မင်းတင် မဟုတ်ပါဘူးကွာ လူတိုင်းပါပဲ'

ကျွန်တော် မငြင်းဆန်ဝံ့ပါ။ ဝန်ခံလိုက်ပါသည်။

'ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အများကြီးညာခဲ့တယ်။ ဘဝမှာ လူတွေက ပြောကြတာပေါ့။ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာ၊ သူတို့ကို မှားတယ်၊ မှန်တယ်

လို့ ဘာမှ ကျွန်တော်မပြောပါဘူး။ သေခြင်းတရားဟာ အချိန်မရွေး ကပ်ပါနေတော့ ကျွန်တော့်ဘဝမှာ ကိုယ်လိုချင်တာကို ရအောင်မဖြစ်မနေ ယူရမယ့်အရွယ်ရှိသလို အများတကာရဲ့လေးစားမှုကို ခံယူပြီးနေရမယ့် အရွယ်နှစ်မျိုးပဲရှိတယ်လို့ ခံယူထားခဲ့တယ် အဘိုး'

'ရခဲ့သလား ငါ့မြေး'

'ထိုက်သင့်သလောက်တော့ ရခဲ့ပါတယ်။ ဒါပေမဲ့ ရခဲ့တဲ့ဆုတွေကို ပြန်ပြီးထိန်းသိမ်းရတဲ့အခါမှာ ကျွန်တော်သိပ်ပင်ပန်းခဲ့ရတယ်'

'မင်းက ဟန်ဆောင်နေတာကိုး။ မင်းလုပ်ချင်တာတွေ လုပ်ခဲ့ပြီးပြီ။ အခု အများတကာရဲ့ လေးစားမှုကိုခံအောင် မင်းကနေနေပြီး အဲဒီမှာ မလုပ်နိုင်တဲ့စည်းကမ်းတွေ၊ မထိန်းသိမ်းနိုင်တဲ့ ပညတ်တွေ၊ မင်းက ချမှတ်ပြီးတော့ ကိုယ်လုပ်နိုင်မှန်းမသိ၊ မလုပ်နိုင်မှန်းမသိ ဟန်လုပ်ပြီး အများတကာ အထင်ကြီးအောင် နေနေရတော့ အပြစ်ရှိလို့ အပြစ်ဒဏ်ကျခံတဲ့ အကျဉ်းသားတစ်ယောက်ထက်တောင် မင်းဘဝက ဆိုးပါသေးတယ်။ လူ့ဘောင် အသိုင်းအဝိုင်းဘောင်ထဲမှာ မင်းထောင်ကျနေတာပါ။ အများတကာ ပြောတော့ မင်းက လူကြီးလူကောင်းပေါ့၊ မင်းသိပ်မက်မောနေတဲ့ အဲဒီ သရဖူကြီးဟာလေ ဆူးတွေရစ်ထားတဲ့ ပန်းကုံးကြီးပါကွာ။ မင်းခေါင်းမှာလည်း သွေးချင်းချင်းနီလို့၊ ဟေ့ . . . လူမိုက်ကိုယ့်ဘဝတဏှာကို ကိုယ်မသိဘဲ ဂုဏ်ယူချင်တဲ့ကောင်'

'အဲဒီသရဖူကြီးကို အဘိုးယူမလားဟင်'

'မင်း . . . မိုက်လို့ မင်းယူခဲ့တာပဲဟာ ငါက မင်းလို ဘာလို့ မိုက်မဲရမှာလဲ'

'ဟုတ်တယ် ကျွန်တော်မိုက်မဲခဲ့ပြီ။ အခုကျွန်တော့်ဘဝ အနေပညာ၊ ဘဝတဏှာ Lust အတွက် ကျွန်တော်တစ်မနက် အသက်ရှင်နေထိုင်ဖို့ ကြိုးစားချင်တယ်'

'ရပါတယ် မင်းပြန်လည်မွေးဖွားလို့ရပါတယ်။ ဒီအတွက် ကိုယ့်ကိုယ်ကိုယ်မညာနဲ့။ ပတ်ဝန်းကျင်ကိုလည်း မညာနဲ့။ ဝန်ခံလိုက်ပါ။ စကားတစ်ခွန်းတည်းပဲ'

'ကျွန်တော်ဘာလုပ်ရမလဲ'

'မင်း အော်ပြောလိုက်ပေါ့ အားလုံးကို။ မင်းကိုယ်မင်းလည်း ပြောလိုက်ပေါ့။ ကျွန်တော် အမှားတွေ အများကြီးလုပ်နိုင်သေးတယ်။ လူတိုင်း အမှားနဲ့မကင်းပါဘူး။ ကျွန်တော် မှားမယ့်အမှားဟာ သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျပြီး ဒုက္ခမရောက်အောင် သူတစ်ပါးရဲ့ ဂုဏ်သိက္ခာ၊ သူတစ်ပါးရဲ့ လွတ်လပ်မှု၊ စည်းကမ်း၊ အနုပညာဖန်တီးမှုတွေကို မထိခိုက်စေရပါဘူး။ အဲဒီမှာ မင်းလွတ်လပ်စွာပျံသန်းနိုင်ပြီး မင်းသဘာဝ အတိုင်းနေပေါ့။ လူတွေဟာ သတ္တဝါတွေပဲ။ လူကတော့ နည်းနည်း ပိုတာပေါ့ကွာ။ အိပ်၊ စား၊ ကာမ၊ အလုပ်၊ မေတ္တာတရားရှိတာပေါ့။ ငါ ကဗျာတစ်ပုဒ်ရွတ်ပြမယ်'

*'ဘဝဆိုတာ . . . တိုက်ပွဲတစ်ခုပါပဲ . . . ဆင်နွဲလိုက်ပါ။*

*ဘဝဆိုတာ . . . အခွင့်အရေးတစ်ခုပါပဲ . . .*
*ရအောင်ယူလိုက်ပါ။*

*ဘဝဆိုတာ . . . အိပ်မက်တစ်ခုပါပဲ . . . မက်လိုက်ပါ။*

*ဘဝဆိုတာ . . . လောင်းကစားပွဲတစ်ခုပါပဲ . . .*
*ဝင်နွဲလိုက်ပါ . . .။*

*ဘဝဆိုတာ . . . မျှော်လင့်ချက်တစ်ခုပါပဲ . . .*
*ထားလိုက်ပါ။*

*ဘဝဆိုတာ . . . လောင်းကစားထဲမှာပါ။ ဝင်လောင်း လိုက်ပါ။*

*ဘဝဆိုတာ . . . ငိုစရာတစ်ခုပါပဲ . . . မငိုလိုက်ပါနဲ့'*

အစရှိသရွေ့ပေါ့ကွာ။ အဲဒီမှာ မင်းဝင်ရောက်ပါ။ သဘာဝအလှ၊ အလင်္ကာ၊ အချစ်၊ တဏှာ၊ ကာမ၊ မက်မောမှုတွေ၊ တပ်မက်မှုတွေကြား မှာ မင်းစည်းကမ်းရှိရှိ ဝင်ရောက်ပေါ့။ ငါ လူကြီးလူကောင်းဆိုပြီးတော့ ဟန်လုပ်မနေနဲ့။ မင်း ကပြရမယ့် ပြဇာတ်အခန်းမှာ လူကြမ်းပဲဖြစ်ဖြစ်၊ လူကောင်းပဲဖြစ်ဖြစ် သဘာဝကျကျ ကစမ်း။ အဲဒီမှာ မင်းက ငါ့များ လူတွေအထင်သေးသွားမလားဆိုပြီး မင်းက ဟန်လုပ်နေရတော့ အခု မင်းခံစားနေရတာလေ။ မင်းအမှန်တရားကို လောကီမှာ လာမရှာနဲ့။ အမှန်တရားဆိုတာ လောကီမှာ အချိန်အခါ၊ အခြေအနေပေါ်မှာ မူတည်ပြောင်းလဲနေတာ။ ဒီတော့ မင်းဘာလုပ်မလဲ၊ ဘာလုပ်သင့်သလဲ။ မင်းကိုယ်မင်း အသိဆုံး။ မင်းမပြောရဲဘူး မဟုတ်လား။ ပြောလေကွာ။ မင်းနေရမယ့် နောက်ကဏ္ဍတစ်ခု၊ အနှစ်သာရ ဘဝအနုပညာ အတွက်'

ပုံပြောသမားကြီး အဘိုးအိုသည် ပြောရင်းပျောက်ကွယ်သွား ပါသည်။

ကျွန်တော် ခွန်အားရှိသမျှ ရှုန်းထရင်း ကျွန်တော်အသက်ရှင် နေပါသည်။ ပူပြင်းသောကာမဘဝတဏှာကို အာသာငမ်းငမ်း မက်မော တောင့်တနေပါသည်။ ကျွန်တော်လူဖြစ်နေ၍ ဖြစ်ပါသည်။

အေးမြသော ဘဝမေတ္တာတရားကိုလည်း မက်မောပါသည်။ ကျွန်တော်လူဖြစ်နေ၍ ဖြစ်ပါသည်။ ဤသည်ကား ဘဝတဏှာ Lust ၏ ထိုးအရိပ်အာဝါသအောက်မှ အရာကလေးများဖြစ်၍ အမှားများစွာ မှားနိုင်ပါသည်။ ကျွန်တော့်ကို အမှားတစ်ခုကို လူ့သဘာဝအတိုင်း မှားယွင်းမည့်လူဟု မြင်စေချင်ပါသည်။ ကျွန်တော့်ကို အထင်မကြီးဘဲ သူလိုလူ၊ ငါလိုလူလို့ မြင်စေချင်ပါသည်။ ဘာကြောင့်လဲဆိုသော် ကျွန်တော် သည် တစ်ကြိမ်တစ်ခါက လူတကာအထင်ကြီးလေးစားခံရအောင် ကိုယ့်အကြောင်းကိုယ် မသိသေးဘဲ ကိုယ်ကိုယ်တိုင်ကမလုပ်နိုင်သည့်

စည်းကမ်းများ၊ စံများ၊ ပေတံများဖြင့် အတင်းအကျပ်ဟန်ဆောင်နေခဲ့ရသောကြောင့် ဖြစ်ပါသည်။ ဘဝ၌ ပင်ပန်းကြီးစွာဖြင့် မတန်တဆ ပေးဆပ်နေထိုင်ခဲ့ရပါသည်။ ကိုယ့်ကိုကိုယ်ညာရင်း ညာရင်းဖြင့် ကျွန်တော်သည် လူညံ့ဖြစ်သွားပါသည်။ ဤအချိန်တွင် ဘဝတဏှာ Lust အောက်၌ ပူပြင်းသော ကာမတဏှာ၊ အေးမြသော မေတ္တာတရားကြား ပဋိပက္ခဖြစ်စဉ်ကြီးတွင် ကျွန်တော်လိုက်ပါကခုန်ရင်း ကျွန်တော့်အား လူများက 'မင်းဟာ ကာမတဏှာကောင်ကြီး တိရစ္ဆာန်သာသာပဲရှိတယ်' ကျွန်တော်ဝန်ခံပါမည်။ ဘဝတဏှာ Lust အတွက် အသက်ရှင်၍ ဖြစ်ပါသည်။ တစ်ချိန်တစ်ခါတွင် လူများက 'မင်းဟာ မေတ္တာတရား အင်မတန်ကြီးမားတဲ့ လူတစ်ယောက်ပဲ'ဝန်ခံပါသည်။ ဘဝတဏှာ Lust အတွက်ဖြစ်ပါသည်။ ကျွန်တော့်ဘဝ နေထိုင်ခြင်း၊ ဘဝအနုပညာအတွက် ဟန်ဆောင်ခြင်းကို ရှောင်ရှားပါမည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

## ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 8

## အချိန်အားလေးစားခြင်း

လူမှုရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး ကဏ္ဍပေါင်းစုံပါဝင်သည့် ဘဝအနုပညာနေထိုင်ခြင်းကဏ္ဍတွင် အချိန်ကိုလေးစားသော လူတစ်ယောက်ဖြစ်အောင် ကြိုးစားရပါမည်။

## ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 8

## အချိန်အားလေးစားခြင်း

'ခင်ဗျား သူတို့ကို စောင့်နေတာလား'

အဝေးပြေး လမ်းမကြီးပေါ်ရှိ ဘတ်စ်ကားဂိတ်တစ်ခု၌ ကျွန်တော်ခေါင်းညိတ်၍ တစ်ဖက်သူအား အဖြေပေးလိုက်ချိန်၌ ကျွန်တော့် ခံစားမှုအားသိ၍ ကိုယ်ချင်းစာတရားထားရင်း . . .

'ခင်ဗျား မစောင့်နဲ့ သူတို့က လာချင်မှ လာမှာဗျ'

'ကျွန်တော် ကတိပေးထားခဲ့ပြီပဲဗျာ။ သူတို့လာမယ်ပြောလို့ သူတို့လာလာ မလာလာ အရေးမကြီးပါဘူး။ ကျွန်တော့် ကတိကို ကျွန်တော်လေးစားရမှာပေါ့'

တစ်ဖက်သူသည် တစ်စုံတစ်ခုအားတွေးရင်း ပြုံး၍မှတ်တိုင် သို့ ဆိုက်ရောက်လာသော အဝေးပြေးကားပေါ် သို့တက်ရင်း ကျွန်တော့်အား သနားစရာသတ္တဝါတစ်ကောင်လို ကြည့်ရင်းပျောက်ကွယ်သွားပါသည်။ ကျွန်တော်သည် ဘတ်စ်ကားဂိတ်လေးပေါ်၌ ချိန်းဆိုထားသော အနုပညာ သမားများအား စောင့်နေဆဲ။ သူတို့နာမည်ကြီးသည်၊ မကြီးသည်ကို ကျွန်တော်ဂရုမပြုမိ။ လူသားတစ်ယောက်၏ ကတိစကားကိုသာ ကျွန်တော်

သိသည်။ သူတို့လာမည်မဟုတ်မှန်းလည်း ကျွန်တော်သိသည်။ ယခုအချိန်သည် ကျွန်တော့်အဖို့ ပထမဆုံးအကြိမ်မဟုတ်တော့။ အခြားအနုပညာသမားတိုင်းလည်း အကြိမ်ပေါင်းများစွာ ကတိဖျက်ခြင်းဖြင့် ကျွန်တော့်အဖို့ အကျွမ်းတဝင်ရှိနေပြီးသားပင်။ ကျွန်တော်ကသာ ကျွန်တော့်ကတိအတွက် မိုက်မဲစွာ စောင့်နေခြင်းဖြစ်ပါသည်။

ကျွန်တော့်အတွေးတို့သည် ပါရီမြို့ရှိ ဂီတသံစဉ်ဝိုင်းကြီးရှိရာကို ငှက်တစ်ကောင်ကဲ့သို့ ပျံသန်းသွားပါတော့သည်။ အလွန်ကြောက်စရာကောင်းလှသည့် ဥရောပဆောင်းရာသီ၏အောက်တွင် ပါရီ၌ ကျွန်တော်ဆောင်းခိုခဲ့ပါသည်။ ကော်ဖီဆိုင်များ၊ ညကလပ်များ၊ ဈေးဆိုင်များ၊ လမ်းမကြီးများပေါ်၌ရှိနေသည့် ပါရီမြို့တစ်ခုလုံး လူများအထူးစိတ်ဝင်စားနေသော သတင်းတစ်ပုဒ်ကို ကျွန်တော်လက်ခံရရှိချိန်၌ . . .

'ဒီအဘိုးကြီး သူ့ရဲ့ဂီတသံစဉ်အသစ်တွေကို ခင်းကျင်းတော့မယ်တဲ့'

ကမ္ဘာကျော် ဂီတသံစုံတီးဝိုင်းကြီးမှ ဂီတမှူး အဘိုးအိုအကြောင်းအား စိတ်ဝင်တစားပြောနေကြပါသည်။

'လူ့ခွစာကြီး၊ အရူးကြီး။ ပြောစရာရှိရင် ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ ပြောတဲ့သူ'

သူ၏ အသိုင်းအဝိုင်းထဲမှ စိမ့်ထွက်လာသောသတင်းတို့သည် ကျွန်တော့်အဖို့ အလွန်အမင်းထူးဆန်းနေဆဲ။ ကျွန်တော်ထိုင်နေသော ကော်ဖီဆိုင်ကလေးအတွင်း၌ နံဘေးမှ ကျွန်တော့်မိတ်ဆွေ ပြင်သစ်ကဗျာဆရာမလေးသည် သူ့အကြောင်းပြောရင်း သူ၏ဂီတပွဲသို့သွားရန် ကျွန်တော့်အား အတင်းအကျပ် လိုက်ပို့ချင်နေပုံရပါသည်။

သူမပြောသည့် ဆင်ခြေတစ်ခုမှာ . . .

'ရှင့်ကို အသစ်အဆန်းတစ်ခု တွေ့စေချင်လို့ပါ'

ကျွန်တော်မငြင်းဆန်ဝံ့။ သူမခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့ပါသည်။ အင်မတန် ကြီးကျယ်ခမ်းနားလှသော ပြဇာတ်ရုံကြီးအဝသို့ ရောက်သွားချိန်၌ ကျွန်တော်သိမ်ငယ်စွာ ခံစားခဲ့ရပါသည်။ ဝတ်ကောင်းစားလှများကို ဝတ်စားထားသော အလှအသီးသီးမှ ပရိသတ်ကြီးသည် ဂီတဆရာကြီးအဘိုးအိုအား စောင့်ကြိုနေပါသည်။ ဂီတဆရာအဘိုးအိုသည် ရောက်မလာသေး။ ပရိသတ်အားလုံးက တစ်ခုခုကို နားလည်ပုံရပါသည်။ ငါတို့ဆန္ဒစောနေလို့ပါ။ သူက အချိန်သိပ်တိကျတာ။

ကဗျာဆရာမလေးသည် ကျွန်တော့်အား ပြဇာတ်ရုံအတွင်းရှိ ဧည့်ခန်းဆောင်တစ်ခုသို့ ခေါ်ဆောင်သွားရင်း စောင့်ဆိုင်းစေခဲ့ပါသည်။ အပြင်မှ လက်ခံကြိုဆိုသံများကြားလိုက်ရသော အချိန်တွင် ဂီတဆရာကြီးအဘိုးအိုသည် သတ်မှတ်ထားသောအချိန်၌ ပြဇာတ်ရုံကြီးအတွင်း၌ ရောက်ရှိနေပါသည်။ ထို့နောက် မင်းပရိသတ်အားလုံးအား နှုတ်ဆက်ရင်း ကျွန်တော်နေထိုင်သော အခန်းအတွင်းသို့ သာမန်လူတစ်ယောက်လို ဝင်လာပါသည်။ ကဗျာဆရာမလေးနှင့် နှစ်ပေါင်းများစွာကြာအောင် ရင်းနှီးစွာသိထားရင်းကြားမှ ကျွန်တော့်အား မိတ်ဆက်ပေး လိုက်ပါသည်။ ကျွန်တော်နှင့် စကားအနည်းငယ်ပြောရင်း ခင်မင်ရင်းနှီးမှုရသွားပြီး ရင်ထဲမှစကားတစ်ခွန်းအား အဘိုးအိုကို မေးလိုက်ပါသည်။

'ဒီလောက်အချိန်ကို လေးစားနေမှတော့ အနုပညာဝေဒနာကြီးကို ဘယ်လိုလုပ် တွယ်ဖက်လို့ရဦးတော့မှာလဲ။ အနုပညာမှာ စည်းရိုးမရှိ၊ ဘောင်မရှိ၊ သတ်မှတ်ချက်မှမရှိတာ'

ဂီတသမားအဘိုးအိုသည် နှစ်ခြိုက်စွာပြုံးရင်း သူ၏ မန်နေဂျာအား လှမ်းခေါ် လိုက်ပါသည်။

'ငါ နောက်ဆယ့်ငါးမိနစ်ဆိုရင် ဂီတပွဲကြီးကို စမယ်။ ပြီးရင် ဒီလူကြီးမင်းကလေးနဲ့ မိနစ်သုံးဆယ် စကားပြောမယ်။ အားလုံးကို

ပြင်ဆင်ထားပါ။ ဒီလူကြီးမင်းလေးအတွက်လည်း သင့်တော်တဲ့ နေရာ တစ်ခုကို ငါ့ရဲ့ဂီတပွဲမှာ ပြင်ဆင်ပေးပါ'

အဘိုးအိုသည် မန်နေဂျာအား လိုအပ်သည်များကိုပြောရင်း . . .

'ကဲ လူကြီးမင်းလေး အချိန်ဟာ တန်ဖိုးရှိပါတယ်။ အခု အချိန် အခါရောက်လာပြီမို့ ကျွန်တော့်ရဲ့ဂီတပွဲကြီးကို ခင်းကျင်းရပါတော့မယ်။ လူကြီးမင်းလေးလည်း ကျွန်တော့်ရဲ့ဂီတပွဲမှာ လိုက်ပါမယ်လို့ ထင်ပါ တယ်။ ကျွန်တော့်ကို ခွင့်ပြုပါလူကြီးမင်းလေး'

အဘိုးအိုသည် နှုတ်ဆက်ရင်း အခန်းထဲမှ ထွက်သွားပါသည်။ ကျွန်တော်နှင့် ကဗျာဆရာမလေးသည် မန်နေဂျာကြီးစီမံပေးသော နေရာ၌ထိုင်ရင်း အဘိုးအို၏ ဂီတသံစဉ်များ၌ နစ်မျောသွားပါသည်။ အဘိုးအိုသည် သူ၏လက်တစ်ဖက်တွင် တုတ်ချောင်းကလေးအား ကိုင်ရင်း ဂီတသံစဉ်များအား နှီးလိုက်ပါသည်။ နှစ်ပေါင်းများစွာ အတွေ့ အကြုံများစွာရှိသော ကမ္ဘာကျော်ဂီတသံစုံတီးဝိုင်းကြီးသည် အဘိုးအို၏ တုတ်ချောင်းကလေး၏ ခေါ်ရာသို့လိုက်ပါသွားရပါသည်။ ကျွန်တော် သူ၏ဂီတတွင် နစ်မျောသွားပါသည်။ ဂီတပွဲကြီးလည်း ပြီးသွားပါပြီ။ မင်း ပရိသတ်အားလုံးတို့သည် အဘိုးအိုနှင့် ဂီတဝိုင်းကြီးအား မတ်တပ်ရပ် ဦးညွှတ်အလေးပြုလက်ခုပ်တီးရင်း ဂုဏ်ပြုနေပါသည်။ အဘိုးအိုသည် လည်း ခေါင်းငုံ့၍ ပရိသတ်အား ပြန်၍အလေးပြုပါသည်။ အခန်းအတွင်း ရှိ ပိုးသားစားပွဲခင်းပေါ်တွင် ဝိုင်အရက်၊ ပေါင်မုန့်၊ ဒိန်ခဲ၊ ဆော်လမွန်ငါး၊ ဖယောင်းတိုင်မီးတို့သည် ကျွန်တော်တို့အား စောင့်ကြိုနေပါသည်။

'လူကြီးမင်းလေး ဒီနေရာက စောင့်နေပါ။ နောက်ဆယ့်ငါး မိနစ်ဆိုရင် ဆရာကြီးလာပါလိမ့်မယ်။ အခုသတင်းထောက်တွေနဲ့ စကားပြောနေလို့ပါ'

ကျွန်တော်စောင့်နေဆဲ ဆယ့်ငါးမိနစ်ဆိုသော အချိန်အတိ အကျကို ရောက်သွားသည်နှင့် အဘိုးအိုသည် အခန်းအတွင်းသို့ ဝင်လာပါသည်။ ကျွန်တော့်အားပြုံးရင်း . . .

'ဒီအဝတ်အစားတွေကို မင်းမမက်မောမှန်း ငါသိပါတယ်။ မင်းသိချင်တာ အနုပညာဝေဒနာကြီးနဲ့ အချိန်လေးစားမှုကို ငါဘယ်လိုဖက်တွယ်နေတယ်ဆိုတာ မဟုတ်လား'

ကျွန်တော်ခေါင်းညိတ်လိုက်ပါသည်။ အဘိုးအိုသည် နှစ်မြို့က်စွာပြုံးရင်း ဝိုင်တစ်ခွက်အား သောက်လိုက်ပါသည်။

'နားထောင်ပါ လူကြီးမင်းလေးရယ် ကျုပ်လေ ငယ်စဉ်က သိပ်ဆင်းရဲတာ။ ဆောင်းရာသီမှာ အနွေးဓာတ်အတွက် မီးသွေးတောင် မဝယ်နိုင်ဘူး။ အင်မတန်အေးတဲ့ ဆောင်းတွင်းမှာ အစာအိမ်ဟာ ချွေးပြန်နေတယ်။ အဲဒါ ကျုပ်ဘဝပဲ။ ဒီလိုနဲ့ ကျုပ်အနုပညာကို ဝါသနာပါတယ်။ အမေက တော်ဝင်ဂီတ ကျောင်းကြီးကို ပို့ပေးတာပေါ့။ ကျုပ်မှာ အရည်အချင်းမရှိဘူး။ ကျုပ်အမေနဲ့ ကျောင်းအုပ်ဆရာကြီးက မိတ်ဆွေတွေမို့ လို့ သနားညှာတာပြီး ဉာဏ်ရည်နိမ့်တဲ့ အဆင့်မှာထားပြီး ကျုပ်ကိုလက်ခံခဲ့တယ်။ အဲဒီမှာ ကျောင်းနေဖက်တွေပေါ့ ပါရမီတွေရှိတော့ ခဏလေးနဲ့ သင်ရင်တတ်တယ်ဗျာ။ ကျုပ်က ပိုကြိုးစားရတာပေါ့။ ဝီရိယထားရတယ်လေ။ ဒီလိုနဲ့ ကျောင်းကြီးပြီးသွားတော့ တစ်ဝမ်းတစ်ခါးတည်း အနုပညာနဲ့ လုပ်ကိုင်စားသောက်ရတာပေါ့။ အဲဒီမှာ ကျုပ်စည်းကမ်းထားတယ်။ ဒီအချိန်ဟာ စားချိန်၊ ဒီအချိန်ဟာ ဂီတကိုဖန်တီးတဲ့အချိန် သတ်မှတ်လိုက်ပြီ။ သူ့အချိန်နဲ့သူပဲ ဂီတကိုဖန်တီးနေတုန်း ဘယ်လောက်ကြီးကျယ်ဝင် ရှာန်ဝင် မရဘူး။ အချိန်ရောက်ရင် ရပ်လိုက်တာပဲ။ အဲဒီမှာ ကျုပ်သူငယ်ချင်းတွေက အချိန်မသတ်မှတ်ဘူး။ နေ့မအိပ်၊ ညမအားလုပ်ကြ ပြီးတော့ ပင်ပန်းလို့ အရက်တွေသောက်ကြ၊ စည်းကမ်းမရှိကြ

နဲ့ နောက်ဆုံး လမ်းပေါ်မှာ သေတဲ့ကောင်ကသေ၊ ဘဝပျက်တဲ့လူက ပျက်ပေါ့။ ကျုပ်မတော်ဘူး။ ကျုပ်အောင်မြင်နေတာ အချိန်ကိုလေးစားလို့ပဲ။ ကျုပ်ဝမ်းစာအနုပညာထက် အချိန်ကို လေးစားတယ်'

ကျွန်တော့်အတွေးတို့ ရပ်သွားပါသည်။ အဝေးပြေးလမ်းမကြီးပေါ်၌ ကျွန်တော်ချိန်းဆိုထားသော အနုပညာသမားများသည်လည်း မလာသေး။ သူတို့မှာ ဆင်ခြေရှိပြီးသား။ ရုတ်တရက် အဝေးတစ်နေရာမှ ကျွန်တော့်ခရီးသွားဖော် ပုံပြောသမားကြီး အဘိုးအိုသည် ရောက်လာရင်း . . .

'မင်း သူတို့ကို စောင့်နေရလို့ ပင်ပန်းနေပြီလား'

'ဟင့်အင်း ကျွန်တော့်ကတိ ကျွန်တော့်အချိန်ကို ကျွန်တော်လေးစားလို့ပါ။ သူတို့မလာမှန်း သိပေမယ့် ကျွန်တော့်တာဝန်လေ။' အဘိုးအိုသည် နှစ်ခြိုက်စွာပြုံးရင်း သူတို့ဟာ အချိန်ကတိကို လေးစားတဲ့လူတွေမဟုတ်ဘူး။ သေမင်းကလာခေါ်ရင်တောင် မလိုက်ပါရစေနဲ့ ဆိုပြီး ငြင်းဆန်မယ့်အထဲမှာ သူတို့ရှေ့ဆုံးကပဲ။ ပြောတော့ အနုပညာရှာန်ဝင်နေလို့ ဖန်တီးနေလို့ စကားလုံးလှလှတွေ ဆင်ခြေပေးပြီး လူတွေကို အထင်ကြီးအောင် လုပ်နေတာ။ သဘာဝကျကျပြောရရင် အချိန်မလေးစားတဲ့ကောင်တွေ အနုပညာသမားအားလုံးတော့ မဟုတ်ဘူး။ ဒါပေမဲ့ တော်တော်များတယ်။ ဒီတော့လည်း အချိန်မလေးစားလို့ အကျနာပြီး ခွေးကျကျတာပေါ့ကွာ။ သနားစရာမကောင်းပါဘူး။ တကယ်တမ်း အနုပညာကဏ္ဍဟာ ခေါင်းစဉ်သေးသေးလေးပါ။ အနုပညာသမား တော်တော်များများဟာ အဲဒီခေါင်းစဉ်သေးသေးလေးအောက်မှာနေပြီး မတန်မရာစကားလုံးကြီးကြီးကျယ်ကျယ်တွေနဲ့ ဆင်ခြေတွေပေးပြီး ဘဝင်မြင့်နေကြတာ။ တကယ့်ကမ္ဘာကျော် စစ်ရေး၊ နိုင်ငံရေး၊ အနုပညာပုဂ္ဂိုလ်ကြီးတွေဟာ အသပြာငွေကြေးဂုဏ်ထက် အချိန်

ကိုလေးစားတယ်။ ကဲပါကွာ မင်းလည်း သူတို့လို မဖြစ်စေနဲ့ပေါ့။ ပုံပြော သမားကြီး အဘိုးအို ရုတ်တရက် ပျောက်ကွယ်သွားပါသည်။ အဝေးပြေး လမ်းမကြီးပေါ်ရှိ ဘတ်စ်ကားဂိတ်လေးတွင် ကျွန်တော်တစ်ယောက်တည်း ထိုင်ရင်း လူမှုရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး ကဏ္ဍပေါင်းစုံပါဝင်သည့် ဘဝ အနုပညာနေထိုင်ခြင်းကဏ္ဍတွင် အချိန်ကိုလေးစားသော လူတစ်ယောက်ဖြစ်အောင် ကြိုးစားရပါမည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

## ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 9

## အပြန်အလှန်တန်ဖိုးထားခြင်း

အယုတ်အလတ် အမြတ်မရွေး လူသားအားလုံး၏ ပင်ကိုအရည်အချင်းကိုယ်စီအား အသိအမှတ်ပြု တန်ဖိုးထားပါမည်။

# ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 9

## အပြန်အလှန်တန်ဖိုးထားခြင်း

'ငါမင်းကို စောင့်နေတယ်။ အခုချိန်တော့ မဟုတ်ဘူး။ တစ်နေ့ပေါ့။ အဲဒီနေ့ဟာ မင်း မလွဲမသွေကြုံရမယ့်နေ့ပဲ၊ ဘာဖြစ်လို့လည်းဆိုတာ မင်းသိပါတယ်'

တစ်ချိန်က ကျွန်တော့်ရင်ထဲရှိသမျှအား အရှင်းကင်းမဲ့စွာဖြင့် သူ့အားပြောလိုက်ပါသည်။ သူသည် စူပါ Super Star,Mega Starဟု ပတ်ဝန်းကျင်တစ်ခုလုံးက သူ့အား သတ်မှတ်ထားပါသည်။ သူ၏ အသုံးအဆောင်ပစ္စည်းကလေးများကိုပင် အချို့လူများက ငမ်းငမ်းတက်အမှတ်တရတောင်း၍ ပြတိုက်ဝင်ပစ္စည်းတစ်ခုလို ထားချင်နေကြပါသည်။ သူသည် Born To Be Artist ဟူသော လောကဓံတရားတွင် သူသည် သူ၏အနုပညာ၌ ကျဆုံးခြင်းမရှိဘဲ သူ့ဘာသာသူ ပင်စင်အနားယူရမည့် ရွေးချယ်မှုသာ ရှိနေပါသည်။ သူနှင့် ကျွန်တော် ဝေးကွာသွားပါသည်။ ကျွန်တော်သည် အနုပညာအားစွန့်ခွာ၍ ကိုယ့်ကိုယ်ကိုယ်အချစ်ဆုံးဟု သတ်မှတ်ကာ ကျွန်တော်သွားရမည့် သံသရာခရီး၌ အဆင်ပြေရန် Art Of Living ဘဝ အနုပညာနေထိုင်ခြင်း အရိပ်အာဝါသသို့ ဝင်

ရောက်လိုက်ချိန်၌ သူ့အားရင်ထဲရှိသမျှ ပြောခဲ့ခြင်းဖြစ်ပါသည်။

နှစ်ပေါင်းများစွာ ကြာမြင့်သွားသောအချိန်၌ သူ့ထံမှ တရားဝင်ချိန်းဆိုသော စာတစ်စောင်ကို လက်ခံရရှိလိုက်ပါသည်။ သူသည် ယနေ့ထိ အောင်မြင်နေဆဲ၊ ကျော်ကြားနေဆဲ၊ အကောင်းဆုံးသတင်းဌာနကြီးကလည်း သူ့အား အကန့်အသတ်မရှိ အကောင်းဆုံးတစ်ခုအား ချီးမြှင့်လိုက်ပါသည်။ သူနှင့် ကျွန်တော်နှစ်ဦးသား တရားဝင်တွေ့ဆုံလိုက်သောအချိန်၌ ပတ်ဝန်းကျင်မှ ဂုဏ်ပြုမှုများကို နှစ်ဦးသား စွန့်ပစ်လိုက်ရပါသည်။ သူကိုယ်တိုင် ဒါရိုက်တာ၊ သူကိုယ်တိုင်သရုပ်ဆောင်၊ သူကိုယ်တိုင်ထုတ်လုပ်သူအဖြစ် သူ့ဘဝအား မကွယ်မဝှက်တင်ပြအသုံးတော်ခံနေပါသည်။ ပရိသတ်ဟူ၍ ကျွန်တော်တစ်ယောက်တည်းသာ ရှိပါသည်။

'ငါ မှားသွားပြီ သူငယ်ချင်း။ ငါရခဲ့တဲ့ဆုတွေ၊ ငါရခဲ့တဲ့အောင်မြင်မှုတွေ၊ ငွေတွေ၊ ဂုဏ်တွေ၊ ကျော်ကြားမှုတွေဟာ ငါ့ဘဝကို မလုံခြုံဘူး။ ဒါတွေဟာ အရံအတားတွေဆိုပေမယ့်လည်း မခိုင်လုံပါဘူး။ ငါဟာ အနုပညာကို ဖန်တီးခဲ့တယ်။ အချို့က ဂုဏ်ပြုကြတယ်။ ဆုတွေချကြတယ်။ ငါလုပ်တာ ငါအသိဆုံးပါ။ ကိုယ်လုပ်တဲ့အလုပ်ဟာ ဘယ်လောက်အထိ ကောင်းတယ်၊ မကောင်းဘူး။ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ဘူး၊ ကျေနပ်တယ်ဆိုတာ အဓိကအကျဆုံးပဲ။ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်စိတ်တိုင်းကျသွားရင် ကိုယ်ဟာ သံယောဇဉ်ဖြတ်လို့ရတယ်။ အခုဟာက ငါ့ကိုချီးမြှင့်နေတဲ့ဆုတွေဟာ ငါလုပ်တဲ့အလုပ်ပေါ်မှာ သူတို့အမြင်နဲ့ပေးနေကြတာ။ အဲဒီအလုပ်မှာတော့ ငါစိတ်တိုင်းမကျခဲ့ဘူး။ မကျေနပ်နိုင်သေးဘူး။ ငါစွန့်ပစ်မယ့်အမှိုက်တွေကို သူတို့ကဂုဏ်ပြုနေကြတာ'

ကျွန်တော်သက်ပြင်းမချခဲ့ပါ။ သူကသာ သက်ပြင်းချလိုက်ပါ

သည်။ ထို့နောက် ဖြည်းညင်းညင်သာစွာဖြင့် . . .

'မင်းပြောတဲ့ အပြုံးရိပ်ကလေးဆိုတာလည်း မရှိတော့ဘူး။ ငါလိုက်ရှာသေးတယ်။ မိုးအဆုံး မြေအဆုံးပဲ။ ကံကြမ္မာက ငါ့ကို လှည့်စားလိုက်ပြီကိုး'

ကျွန်တော်သူ့အားငေးကြည့်နေရင်းမှ အပြုံးရိပ်ကလေးရှိရာသို့ အတွေးများသည် ပျံသန်းသွားပါတော့သည်။ သူနှင့် ကျွန်တော် အနုပညာ၌ အတူတကွ လမ်းလျှောက်ခဲ့ပါသည်။ သူဖန်တီးလိုသော ကဏ္ဍတစ်ခု၌ ကျွန်တော်ကူညီခဲ့ပါသည်။ ဤကဏ္ဍသည် တောင်ကုန်းကလေးများ စီရီသပ်ရပ်နေသော ဥယျာဉ်ကလေးဟု ခေါ်ဆိုက်သော သုသာန်ကလေးတွင် လူတစ်ဦး၏ နောက်ဆုံးခရီး၌ လိုက်ပါပို့ဆောင်မှုအား တင်ဖန်တီးလိုက်ပါသည်။ လိုက်ပါပို့ဆောင်သည့် ပရိသတ်ထဲမှ တစ်ဦးဖြစ်သူ ပုံပြောသမား အဘိုးအိုသည် သုသာန်အတွင်းရှိ ခုံတန်းကလေးတွင်ထိုင်ရင်း သုသာန်စောင့် သန့်ရှင်းရေးသမလေးအား သေဆုံးသွားသူ၏ ဘဝခရီးဖြတ်သန်းမှုအား ပြောပြနေပါသည်။ အောင်မြင်မှု၊ ကျဆုံးမှု၊ ပေးဆပ်လိုက်ရမှု၊ ရယူမှု၊ လူ့ဘဝ၏ ကဏ္ဍစုံလင် ဘဝအနုပညာပုံပြင်တွင် သုသာန်စောင့် သန့်ရှင်းရေးသမလေးသည် ပုံပြင်တစ်ပုဒ်အား နားထောင်ရင်း ခံစားမှုအမျိုးမျိုး၏ ဝမ်းနည်းခြင်းအရိပ်၊ ကြည်နူးခြင်းအရိပ်၊ ဂုဏ်ယူခြင်းအရိပ်တို့ဖြင့် သေဆုံးသွားသူ၏ ဘဝအနုပညာအား ပုံဖော်နေပါတော့သည်။

ပုံပြောသမားအဘိုးအို၏ ပုံပြင်အဆုံး၌ သန့်ရှင်းရေးသမကလေးသည် အပြုံးရိပ်တစ်ခုဖြင့် လူ့ဘဝအခန်းကျဉ်းကလေးမှ ထွက်ခွာသွားရသောသူအတွက် အပြုံးလက်ဆောင်တစ်ခု ပေးအပ်လိုက်ပါတော့သည်။

သူမ၏အပြုံးရိပ်သည် သူနှင့် ကျွန်တော့်ကြား ငြိတွယ်သွားပါ

သည်။

သူနှင့်ကျွန်တော်ဖန်တီးမည့် ကဏ္ဍတစ်ခုတွင် အပြုံးရိပ်ပိုင်ရှင် မိန်းကလေးအား ကျွန်တော်တို့နှစ်ယောက် နေရာအနှံ့ခြေဆန့်၍ ရှာဖွေခဲ့ပါသည်။ ကျွန်တော်တွေ့ရှိလိုက်သောအချိန်၌ သူ့အားအကြောင်းကြားခဲ့ပါသည်။ သူလိုက်လာခဲ့ပါသည်။ လိုက်ခဲ့ရသောနေရာမှာ တရားရုံးဖြစ်နေပါသည်။ တရားရုံး၌ ကောင်မလေးသည် ပြည့်တန်ဆာအမှုဖြင့် စီရင်ချက်ချခံရသော နေ့ဖြစ်ပါသည်။ တရားသူကြီး၏ချမှတ်သော အပြစ်ဒဏ်အား သူမသည် ကျေနပ်စွာလက်ခံ၍ အပြစ်ဒဏ်ပေးဆပ်ရန်အားယူ၍ပြုံးလိုက်ပါသည်။

'ဟုတ်တယ် ဒီအပြုံးပဲ . . . ဒီအပြုံးပဲ'

ကျွန်တော်တို့နှစ်ယောက် သူမအပြစ်ဒဏ်မှ လွတ်မြောက်သောရက်အား စောင့်ခဲ့ရပါသည်။ သူမလွတ်မြောက်လာသောနေ့တွင် ကျွန်တော်တို့နှစ်ယောက် သွား၍ကြိုဆိုနှုတ်ဆက်ကာ သူဖန်တီးမည့် အနုပညာကဏ္ဍတစ်ခုတွင် စတင်ဆွေးနွေးခဲ့ပါသည်။ သူမကူညီမည်ဟု ပြောပါသည်။ စတင်ဖန်တီးသော အချိန်၌ အသိုင်းအဝိုင်းများ၊ မင်းသားမင်းသမီးများက ဆန့်ကျင်၍ သူမအား သူတို့နှင့်အတူ လိုက်ပါယှဉ်တွဲရန် ငြင်းဆန်ကြပါသည်။ သူတို့၏ဂုဏ်သိက္ခာကျဆင်းမည်စိုး၍ ဖြစ်ပါသည်။ သူနှင့် ကျွန်တော်အပြင်းအထန်ဆွေးနွေးခဲ့ရပါသည်။

'သူငယ်ချင်း အနုပညာဟာ အနုပညာပဲ။ ဝမ်းစာဟာ ဝမ်းစာပဲ။ လာမရောနဲ့။ ဒီအနုပညာမှာ ဘယ်သူမဆို ဝင်သရုပ်ဆောင်လို့ရတယ်။ အဓိကဟာ သဘာဝကျဖို့ပဲ။ ဒီမိန်းကလေးဟာ မင်းနဲ့ငါနဲ့အတွက် ကျိန်စာတစ်ခုကိုဆပ်ဖို့ ကံကြမ္မာကပေးထားတဲ့ အပြုံးရိပ်ကွ။ မင်းသတ္တိရှိရတော့မယ်'

သူ သတ္တိမရှိခဲ့ပါ။ အသိုင်းအဝိုင်းများ၊ ပတ်ဝန်းကျင်များဖိအား

တွင် သူ၏ဖန်တီးမှုအနုပညာကဏ္ဍတစ်ခုအား ဖျက်ပစ်လိုက်ရပါသည်။ သူ့အား စကားလုံးတစ်ခု ရင်ထဲရှိသမျှပြောရင်း ကျွန်တော်ဝေးကွာခဲ့ပါသည်။

ယခုအချိန်၌ သူသည် သက်ပြင်းသာချနေရသော ဘဝ၌ ရှိနေပါသည်။

' ငါ မင်းထွက်သွားပြီးနောက် ဒီအပြုံးရိပ်ပိုင်ရှင်လေးကို ငါရှာပါသေးတယ်။ မတွေ့တော့ဘူး။ ကံကြမ္မာက ငါ့ကိုတိကျပိရိစွာနဲ့ လှည့်စားပြီး ဖွက်လိုက်ပြီ။ ငါအနုပညာတွေ ဆက်လုပ်တယ်။ ပေးတယ်။ အားလုံးကိုပေးတယ်။ ငါ့ကိုယ်ငါ အသိဆုံး။ ဆားမပါတဲ့ဟင်းတွေကို ပေးနေရတာ။ ဒီအပြုံးရိပ်ပိုင်ရှင်ကိုသာတွေ့ရင် ငါဟာဆားပါတဲ့ ဟင်းတစ်ခွက်ရယ်၊ ငါ့အနုပညာကို ငါကျေနပ်သွားပြီ။ စွန့်လွှတ်ရဲသွားပြီ၊ ငါ ပင်စင်ယူရဲသွားပြီ။ အခုဟာ ငါ့ဘဝက ဆားမပါတဲ့ဟင်းကို သေတဲ့အထိ ချက်ရမယ့် လူတစ်ယောက်လိုပဲ။ ပေါ့ရွှတ်ရွှတ်ကြီးကွာ'

ကျွန်တော်သူ့ထံမှ လှည့်ထွက်ခဲ့ပါသည်။ အဝေးပြေးလမ်းမကြီးပေါ်၌ တစ်ကိုယ်တည်း လမ်းလျှောက်နေစဉ်တွင် ကျွန်တော့်ဘဝ၏ ခရီးဖော် ပုံပြောသမားကြီး အဘိုးအိုသည် ရောက်လာပါသည်။

'ဘယ်လိုလဲ ငါ့မြေးရဲ့။ မင်းဆက်လျှောက်နေဦးမှာလား။ ဆားမပါတဲ့ဟင်းကို မင်းချက်ချင်သေးလား'

'ဘယ်ချက်ချင်ပါ့မလဲဗျာ'

'အဲဒါပေါ့။ လူတွေကွာ လူတွေ . . . လူတွေ . . . ။ နေရာတိုင်းမှာ တန်ဖိုးကိုယ်စီရှိကြတယ်။ အဲဒါကို တန်ဖိုးမထားတာပေါ့။ အဲဒီတော့ မင်းသူငယ်ချင်းဟာ ကျိန်စာသင့်ပြီးတော့ သေတဲ့အထိ ဘဝကို ပေါ့ရွှတ်ရွှတ် ကြီးနေနေရပြီ။ လုပ်ပိုင်ခွင့်တွေရှိရဲ့သားနဲ့၊ ငါ့မြေးရေ မင်းလူတွေနဲ့ ဆက်ဆံရဦးမှာ။ လူတိုင်းဟာ တစ်နေရာရာမှာတော့

ထူးထူးကဲကဲအရည် အချင်းတွေ ကိုယ်စီရှိပြီးသားပါ။ အဲဒါဟာလည်း လူတိုင်းအတွက် လူတစ်ယောက်ဆီက အကျိုးပြုမှု၊ အသုံးဝင်စေမှုပေါ့။ အဲဒီတော့ မင်းလူတွေကို အယုတ်အလတ် အမြတ်မရွေး တန်ဖိုးထားပါ။ သူတို့ကိုယ်စီမှာ အသုံးဝင်စေမယ့် ထူးကဲတဲ့ အရည်အချင်းကိုယ်စီ ရှိပါတယ်'

ပုံပြောသမားကြီး အဘိုးအိုသည် စကားပြောရင်း ကွယ်ပျောက်သွားပါတော့သည်။

ကျွန်တော် အဝေးပြေးလမ်းမကြီးပေါ်၌ ဆက်လျှောက်ရင်း ကျွန်တော်နေထိုင်ရမည့် ဘဝအနုပညာနေထိုင်မှုတစ်ရပ်တွင် အယုတ်အလတ်အမြတ်မရွေး လူသားအားလုံး၏ ပင်ကိုအရည်အချင်း ကိုယ်စီအား အသိအမှတ်ပြုတန်ဖိုးထားပါမည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

# ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 10

## သဘောထားကြီးခြင်း

လူသားတိုင်းနှင့် ဆက်ဆံသည့်အခါ သဘောထားကြီးကြီးထား ပါမည်။

# ဘဝနှင့် အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 10

## သဘောထားကြီးခြင်း

'လူသန်းပေါင်းထောင်နဲ့ချီပြီးရှိနေတဲ့ကမ္ဘာမှာ လူတိုင်းခံစားမှုကိုယ်စီနဲ့ အနုပညာတစ်မျိုးစီ ရှိနေတာပဲ။ ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ်၊ အသက်အရွယ်နဲ့တော့ မဆိုင်ပါဘူး။ သူ့ဝန်သူ့အားလေးနဲ့ အနုပညာကို ဖန်တီးနေကြတာပဲ။ တစ်ခါတလေကျတော့လည်း မင်းရဲ့အနုပညာကို မှီပြီးဖန်တီးကြရတာပေါ့။ သူတို့ဝမ်းစာလည်း ဖြစ်ရင်ဖြစ် မယ်။ သူတို့ရဲ့ခံစားမှုကို ဖွင့်ဟတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဘာပဲပြော ပြောကွာ . . . မင်းက ကွက်လပ်ကလေးတစ်ခု ဖြည့်ပေးလိုက်သလိုပေါ့။ အဲဒီလိုမှ ဖြည့်မပေးရင် မင်းအထီးကျန်သွားလိမ့်မယ်။ ကုစရာဆေးမရှိဘူးနော်။ သိပ်ကြောက်ဖို့ကောင်းတာ။ အောင်မြင်ရင် . . . ကျဆုံးမယ်၊ ဒါပေမဲ့ ကုဖို့ဆေးရှိတယ်။ လောကကြီးမှာ ငါမရှိရင်မဖြစ်ဘူးဆိုတာ အလကားပါ။ မင်းမရှိလည်း လုပ်လို့ရတာအများကြီးပဲ။ လူတိုင်းမှာ လုပ်နိုင်ကိုင်နိုင်တဲ့ အရည်အသွေးကိုယ်စီရှိနေကြတယ်။ မင်းဟာ လောကကပေးတဲ့ အနုပညာကို လက်ဆောင်ရထားတဲ့သူတစ်ယောက်။ ကျဆုံးဖို့မရှိဘူး။ ဒီတော့ကွာ မင်းသဘောထားကြီးလိုက်ပါ။ မင်းအထီးကျန်သွား နိုင်တယ်နော်'

သူ မာန်ကျပုံမရပါ။ အောင်မြင်နေသော အနုပညာသမားတစ်ဦး၏ရှေ့၌ ကျွန်တော်သည် မည်သူ့မျက်နှာမှမထောက်ဘဲ ပြောလိုက်ပါသည်။ သူ၏အနုပညာအား တချို့ တစ်ဝမ်းတစ်ခါးအတွက် အကြံပြုကူးယူထားခြင်းတို့ကြား၌

'ငါစွန့်ပစ်ထားတဲ့အရာတွေကို သူတို့က သရဖူလိုတင့်နေတာကို'ဟု ဂုဏ်တက်စွာ ပြောနေသောကြောင့်ပင်။

ကျွန်တော် သူ့ထံမှ လှည့်ထွက်ခဲ့ပါသည်။ ထို့နောက် ကျွန်တော့်ဘဝနေထိုင်မှုအနုပညာအတွက် တစ်ဝမ်းတစ်ခါးအား ပုံစံအမျိုးမျိုးဖြင့် လုပ်ကိုင်စားသောက်ရင်း ခရီးရှည်ကြီးအား ဆက်ခဲ့ပါသည်။ လမ်းခုလတ်၌ သူ့ထံသို့ ပြန်လှည့်လာချိန်၌ သူသည် အောင်မြင်နေဆဲ။ သို့သော် အိပ်ရာထက်၌လဲလျောင်းရင်း ကျွန်တော်ကဲ့သို့ ခရီးမဆက်နိုင်တော့ပါ။ သူ့အားပြုစုနေကြသူအားလုံးတို့သည် သူ၏အောင်မြင်မှုကြောင့် ဖြစ်လာသော စည်းစိမ်ဥစ္စာများအား မက်မော၍ သူ့အားမြန်မြန်ဘဝကူးကောင်းအောင် ဆုတောင်းရင်း ပြုစုနေကြပါသည်။ အချို့ကလည်း သူတို့၏ အောင်မြင်မှုအတွက် သူ့အားကိုယ်ဖိရင်ဖိပြုစုဟန်ပြရင်း လူတကာ၏ မေတ္တာရှင်ဘွဲ့ကို ခံယူလိုကြပါသည်။ အားလုံးသည် သူတို့ဘဝရပ်တည်ရေးအတွက် ဟန်ဆောင်ရင်း သူ့အားပြုစုနေကြပါသည်။

ရင်ထဲအသည်းထဲမှ လှိုက်လှိုက်လှဲလှဲပြုစုမည့်သူ သူ့နံဘေးတွင်မရှိပါ။ ဤမြင်ကွင်းဖြင့် ကျွန်တော့်အား သူကြုံဆိုရင်း

'မင်းမြင်တဲ့အတိုင်းပဲ သူငယ်ချင်း။ ငါ့ကိုအားလုံးက ဟန်ဆောင်ပြုစုနေကြတာ။ ငါအခု အထီးကျန်သွားပြီ။ ကုစရာဆေးမရှိဘူးသူငယ်ချင်း။ ငါဘာလုပ်ရမလဲဟင်။ ကွက်လပ်ကလေးတစ်ခုဖြည့်ဖို့ မင်းမှာအကြံရှိလားဟင်'

ကျွန်တော်သူ့အားငေးကြည့်ရင်းမှ . . .

'အသက်ရှိသမျှ အချိန်ရှိနေတယ်။ လုပ်စရာတွေအများကြီးရှိနေတယ်။ မင်းမှာ လက်နှစ်ဖက်ရှိတယ်။ စကားပြောနိုင်တဲ့ပါးစပ်လည်းရှိတယ်။ နားထောင်နိုင်တဲ့ နားတွေလည်းရှိတယ်။ ခံစားနိုင်တဲ့ နှလုံးသားလည်းရှိတယ်။ ဆုံးဖြတ်နိုင်တဲ့ ဦးနှောက်လည်းရှိတယ်။ ဒါတွေကိုအသုံးချပြီး မင်းအသက်ရှင်နေထိုင်ခြင်းဟာ ဘယ်သူ့အတွက်မဆို အကျိုးရှိအောင် တစ်ခုခုတော့ လုပ်ဖို့အချိန်ရခြင်းလို့ သဘောထားရမှာ ပေါ့။ မင်းအမြတ်နိုးဆုံးဖြစ်တဲ့ အနုပညာတွေ၊ အမှတ်တရပစ္စည်းဥစ္စာတွေ၊ ဘာမှ မျှော်လင့်ချက်မထားဘဲ မရှိဆင်းရဲတဲ့ အနုပညာချို့တဲ့တဲ့ အကျိုးမပေးတဲ့ သူတွေကိုဝေငှလိုက်ပါ။ သုံးပါစေ။ သဘောထားကြီးကြီးနဲ့ သုံးပါစေ။ နောက်ဆုံးကျွာ ကြိုးပေးခံရမယ့်သူတောင် နောက်ဆုံးအချိန်ထိ မျှော်လင့်ချက်ထားနိုင်သေးတာ။ မင်းမှာ မျှော်လင့်ချက်တွေ အများကြီးပါ'

သူ့ထံမှ လှည့်ထွက်ခဲ့ပါသည်။ သာယာသည့် အချိုးအကွေ့များတို့ဖြင့် ကြီးစိုးနေသော တောအုပ်ကလေးအတွင်းရှိ သစ်တောလမ်းကလေးတွင် ကျွန်တော့်ခရီးဖော် ပုံပြောသမားကြီးအဘိုးအိုသည် ကျွန်တော့်အားပြုံး၍ ထိုင်စောင့်နေပါသည်။

'အသက်ရှိနေသမျှ အချိန်ရှိနေတယ်'

ဟူသော စကားတစ်လုံးဖြင့် အဘိုးအိုအား နှုတ်ဆက်လိုက်ပါသည်။ အဘိုးအိုသည် ကျွန်တော့်အားပြုံးရင်း

'မင်း . . . လူတွေကို စိတ်ကုန်သွားပြီလား'

'အင်း . . . '

ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။

'စိတ်မကုန်ရဘူးလေ ငါ့မြေးရယ်။ မင်းဘဝနဲ့ အနုပညာနေ

ထိုင်ရေးအတွက် မင်းလည်း အသက်ရှိနေသမျှ အချိန်ရှိနေပြီ။ အဲဒီမှာ လုပ်စရာတွေ ရှိနေပြီ။ မင်းကို ငါပုံတစ်ပုံပြောပြမယ်'

ဟိုး . . . ရှေးရှေးတုန်းကပေါ့ အင်မတန်ကြီးမားတဲ့ နတ်ဘုံနတ်နန်းကြီးတစ်ခုရှိတယ်။ အဲဒီ နတ်ဘုံနတ်နန်းကြီးဟာ သာမန်နတ်ဘုံတွေနဲ့မတူဘူး။ အနှိုင်းမဲ့ပေါ့ကွာ။ အဲဒီနတ်ဘုံမှာ သာမန်နတ်သားတွေ နေလို့မရဘူး။ အင်မတန်ထူးကဲတဲ့ နတ်တွေပဲနေလို့ရတယ်။ နတ်စည်းစိမ်ဟာလည်း မကုန်နိုင်ပါဘူးကွာ။ လိုအပ်ရင် အခြားနတ်ဘုံက စည်းစိမ်တွေကို အမိန့်ပေးပြီး ယူလို့ရတယ်။ နတ်တိုင်းက အဲဒီနတ်ဘုံကြီးကို မျှော်မှန်းကြတာပေါ့။ နတ်သမီးတွေကလည်း စကြဝဠာတံတိုင်း နတ်ဘုံတိုင်းက အလှဆုံးနတ်သမီးတွေရွေးပြီး အဲဒီနတ်ဘုံမှာ ထားထားတာ။ ရှင်းရှင်းပြောရင် VIP နတ်ဘုံပေါ့။ တစ်နေ့ကျတော့ အဲဒီနတ်ဘုံက နတ်မင်းကြီးက ဆင်ခြင်လိုက်တယ်။ နတ်သားသုံးပါးဟာ နတ်သက်ကြွေတော့မယ်။ အဲဒီမှာ သုံးယောက်စလုံးကိုခေါ်ပြီး အမောင်နတ်သားတို့ မင်းတို့သုံးယောက်ဟာ ရှေ့တစ်ပတ်ဆိုရင် နတ်သက်ကြွေတော့မယ်။ မင်းတို့ကံရဲ့လားရာကတိကြောင့် စကြဝဠာမှာ အမွန်မြတ်ဆုံး၊ အခမ်းနားဆုံးဖြစ်တဲ့ လူ့ဘဝကိုသွားရတော့မယ်။ အဲဒီတော့ ဒီတစ်ပတ်အတွင်း မင်းတို့ရဲ့ တန်ခိုးတွေနဲ့ လူ့ဘုံကို လေ့လာထား။ ပြီးရင် မင်းတို့ငါ့ဆီက ဆုတစ်ခုကိုတောင်းပြီးတော့ လူ့ပြည်မှာသန္ဓေတည်ရမယ်။ ဒါဟာ မင်းတို့လားရာကတိရဲ့ အမိန့်ပဲ။ ဒီလိုနဲ့ နတ်မင်းကြီးက နတ်သားသုံးပါးကို အမိန့်ချပြီးတဲ့နောက် နတ်သားသုံးပါးက သူတို့ရဲ့တန်ခိုးတွေနဲ့ လူ့ပြည်ကိုဆင်ခြင်ကြည့်တာပေါ့။

နောက်တစ်ပတ်ကျတော့ . . . ကဲ . . . အမောင်နတ်သားသုံးပါး အချိန်အခါရောက်ပြီ။ လူ့ပြည်ကိုသွားရတော့မယ်။ ငါ့ဆီက ဆုတစ်ဆုကို တောင်းရတော့မယ်။ အိုးထဲမှာ မင်းတို့လိုချင်တဲ့ဆုကို

ငါထည့်ထားတယ်။ တစ်ယောက်တောင်းပြီးသားဆုကို နောက်တစ်ယောက်က ထပ်တောင်းလို့မရဘူး၊ အမျိုးအစားချင်းမတူရဘူး။ အဲဒီမှာ နတ်မင်းကြီးက ပြောတယ်။ လူသားတွေနော် . . . စကြဝဠာကြီးနဲ့ နှိုင်းယှဉ်လိုက်ရင် ပြောပလောက်အောင်၊ နှိုင်းယှဉ်လောက်အောင်မရှိတဲ့ အင်မတန်သေးငယ်တဲ့ အမှုန်လေးတစ်ခု၊ အဲဒီအမှုန်းလေးကပဲ စကြဝဠာကြီးတစ်ခုလုံးကို သိနိုင်တဲ့ စွမ်းအားတွေရှိနေတယ်။ အဲဒီအမှုန်ကလေးဖြစ်တဲ့ လူသားတွေရဲ့ယုတ်မာမှု၊ ကောက်ကျစ်မှုတွေဟာလည်း စကြဝဠာကြီးနဲ့နှိုင်းယှဉ်လိုက်ရင် စကြဝဠာကြီးဟာ ဘာမှပြောပလောက်အောင်မရှိတော့ဘူး။ ကဲ . . . အမောင်နတ်သားတို့ လူ့ပြည်မှာ ကောင်းမှုတစ်ခုခုကိုလုပ်နိုင်မှ ငါဒီဘုံက မင်းတို့ကိုပြန်ကြိုနိုင်မှာ။ လူသားတွေကို ကောင်းမှုတစ်ခုခု မင်းတို့မလုပ်နိုင်ခဲ့ရင် ငါ့မိတ်ဆွေ ယမမင်းကြီးရဲ့ အမိန့်အတိုင်း မင်းတို့နေရတော့မှာ။ ရွေးချယ်ကြ။

အဲဒီမှာ ပထမနတ်သားက လူတွေဟာ တန်ခိုး Power ရှိရင် ဘာမဆိုဖြစ်တယ်ဆိုပြီး Born To Be King ဆိုပြီး ဆုတောင်းပြီး အိုးကိုနှိုက်လိုက်တာပေါ့။ အဲဒီမှာ တစ်ခါတည်း လူ့ပြည်မှာ ဘုရင်ဖြစ်ဖို့ လူဖြစ်သွားပါရော။ နောက်တစ်ယောက်က လူတွေဟာ ချမ်းသာရင် Rich And Money ရှိရင် ဘာမဆိုဖြစ်တယ်ဆိုပြီး အိုးကိုနှိုက်လိုက်တာပေါ့။ အဲဒီမှာ တစ်ခါတည်း လူ့ပြည်မှာ Born To Be Rich ဆိုပြီး သူဌေးဖြစ်ဖို့ လူဖြစ်သွားပါရော။ နောက်ဆုံးနတ်သားက လူဆိုတဲ့သတ္တဝါဟာ အင်မတန်ကြောက်စရာကောင်းမှန်းသိသွားတော့ မိတ်ဆွေကောင်းဖြစ်ဖို့ဆုတောင်းပြီး Born To Be Friend-ship ဆုတောင်းရော။ အဲဒီမှာ တစ်ခါတည်း လူ့ပြည်မှာ မိတ်ကောင်းဆွေကောင်းတွေရဖို့ လူဖြစ်လာရော။ ဒီလိုနဲ့ ပြဇာတ်တစ်ပုဒ်ကိုစပြီပေါ့။ Born To Be King ကလည်း သူ့ နတ်ပြည်ကို ပြန်သွားဖို့ ကုသိုလ်အလှူတွေလုပ်ရော။ လူတွေရဲ့

ဒုက္ခကိုမသိဘူး။ သူက ဟိုကိုပြန်သွားချင်နေတာကိုး။ လူတွေကတော့ သူ့အလှူအတွက်ငိုပြီး ဒုက္ခတွေရောက်လို့။

နောက်တစ်ယောက် Born To Be Rich ကလည်း သူ့ပိုက်ဆံတွေနဲ့ လှူတာပေါ့။ အကုန်လှူတာပဲ။ သူလည်း နတ်ပြည်ပြန်သွားချင်တာကိုး။ သူပိုက်ဆံရှာတာ လူတွေရဲ့ မျက်ရည်ပေါက်ကြီးငယ်ကျတာ သူမသိဘူး။ သူ့အလှူကတော့ အကြီးအကျယ်ပဲ။ ပိုက်ဆံတွေရ၊ လူတွေကတော့ငိုပြီး ဘဝပျက်ကြပေါ့။

နောက်တစ်ယောက် Born To Be Friend-Ship က ဘာမှလည်း မလှူနိုင်ဘူး။ ဘာမှလည်း မပေးနိုင်ဘူး။ သူက မိတ်ဆွေကောင်းရဖို့အတွက် လူတွေကိုပေးဆပ်လိုက်ရတာ။ ချွေးတွေ၊ သွေးတွေ၊ မျက်ရည်တွေချည်းပဲ။ အနစ်နာခံရတာချည်းပဲ။ အင်း . . လူတွေကတော့သူ့အပေါ် မဆိုစလောက်ကလေး သဘောထားလေး နည်းနည်းကြီးလာပုံရတယ်။ ဒီလိုနဲ့ နတ်မင်းကြီးက နတ်ဘုံကနေဆင်ခြင်ပြီး ကဲအချိန်ရောက်ပြီဆိုပြီးတော့ အဲဒီလူသုံးယောက်ရဲ့ ကျန်းမာရေးကို ရုပ်သိမ်းလိုက်ရော။ အားလုံး အိပ်ရာပေါ် ရောက်သွားကြပြီ။ ဝေဒနာတွေခံစားပြီး အိပ်ရာပေါ်လဲနေစမ်းလို့ အမိန့်ပေးလိုက်တယ်။ အဲဒီမှာ Born To Be King ရော၊ Born To Be Rich ရော ဘေးနားမှာ ရင်ထဲအသည်းထဲက ပြုစုမယ့်သူ၊ စေတနာထားမယ့်သူ တစ်ယောက်မှမရှိဘူး။ မြန်မြန်သေပါစေလို့ဆုတောင်းနေကြတယ်။ သူတို့က လူတွေကို စေတနာမှမထားခဲ့တာ၊ သဘောထားမှ မကြီးခဲ့တာ။ တစ်ဖက်သူတွေကလည်း သူတို့ကိုယ်သူ တို့ Born To Be King, Born To Be Rich ဖြစ်ချင်မှာပေါ့။ အဲဒီမှာ Born To Be Friend-Ship ကတော့ ဆင်းရဲပါတယ်။ သူ့ဘေးနားမှာ

'သူငယ်ချင်း ဘာလုပ်ပေးရမလဲ'

အားပေးမယ့်သူ၊ ကူညီမယ့်သူ ၊ အသက်ချင်းလဲပြီး ကူညီမယ့်

သူတွေ ရှိနေပြီ။ နောက်ဆုံး နတ်မင်းကြီးက အဲဒီလူသုံးယောက်ကို ယမမင်းကြီးလက်ထဲအပ်လိုက်သည်။

'သူငယ်ချင်း ယမမင်း မင်းစီမံပေတော့'

'အဲဒီမှာ **Born To Be Friend-Ship** တစ်ယောက်သာ နတ်ဘုံပြန်ရောက်သွားတယ်။ **Born To Be King,Born To Be Rich** ကတော့ ယမမင်းကြီးရဲ့ ငရဲပြည်မှာနေရတာပေါ့။ ပုံပြင်လေးကတော့ ဒါပါပဲ ငါ့မြေးရယ်'

ပုံပြောသမားကြီး အဘိုးအိုသည် ပုံပြောပြီးနောက် တောအုပ်ကလေးမှ ပျောက်ကွယ်သွားပါသည်။ကျွန်တော်သည်လည်း တောအုပ်ကလေး အတွင်း ရှိ သစ်တောလမ်းကလေး၌ တစ်ကိုယ်တည်းထိုင်ရင်း နေထိုင်ရမည့် ကျွန်တော့်ဘဝအတွက် လူသားတိုင်းနှင့်ဆက်ဆံသည့် အခါ သဘော ထားကြီးကြီးထားပါမည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ -     )

# ဘဝနှင့် အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 11

## အသိတရားနှင့် မေတ္တာအား ယှဉ်တွဲနေထိုင်ခြင်း

အရာရာကို အသိတရားနှင့်ယှဉ်ပြီး မေတ္တာထားပါမည်။

## ဘဝနှင့် အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 11

## အသိတရားနှင့် မေတ္တာယှဉ်တွဲနေထိုင်ခြင်း

'ကိုယ်လေ တရားနဲ့ဖြေတယ်'

ဟူသော စကားတစ်လုံးအား ဘဝဖြစ်တည်မှုဝါဒီတို့ကြီးစိုးရာ အဲလ်ဘတ်ကမျူး၊ ဆတ်၊ ဆီမွန်ဒီဗောလစ်ဗွားတို့နေထိုင်ရာ၊ ရေမွှေးရနံ့တို့ သင်းထုံရာအရပ်ဒေသရှိ ကဗျာဆရာမလေးအား မပြောခဲ့ပါ။ ကျွန်တော်ကိုယ်၌ကလည်း တရားရှိသူတစ်ယောက်မဟုတ်ပါ။ ဘဝတဏှာ Lust ၌ပျော်ပါးနေသူတစ်ယောက်။ သူမ၏ကြေကွဲမှုတို့အား မက်မောစွာငေးကြည့်နေဆဲ။ သူမအား ဘဝဆိုသောအရာ၏ အဓိပ္ပာယ်အား မေးခဲ့ပါသည်။

'ဘဝဆိုတာ အတွေ့အကြုံပေါ်မှာ မူတည်တာပါ'

ကျွန်တော်မငြင်းဆန်ခဲ့ပါ။ အတွေ့အကြုံတစ်ခုကို ကျွန်တော် မလွှဲမသွေလက်ခံရပါသည်။ သို့သော် ဖြစ်ပေါ်လာမည့် အကောင်း၊ အဆိုးပြဿနာများ၌ မှားသည်၊ မှန်သည်ကို အတွေ့အကြုံအပေါ်၌ မူတည်စဉ်းစားလည်း အဖြေက ရှိပြီးသားပင်။ မိမိအဖြေအတွက် မိမိပေးဆပ်လိုက်ရသောအခါ အရင်းအနှီးများသွားသောအခါ လူတို့သည်

မကျေမနပ်ဖြစ်ကြပါသည်။ သူမသည်လည်း ဤထဲတွင် ပါဝင်ကောင်း ပါဝင်လိမ့်မည်။ သူမဖြေဆိုရမည့်အဖြေ၌ အရင်းအနှီးများသွားပုံရပါ သည်။

'မင်းဟာ ဘဝဆိုတဲ့အရာကို အတွေ့အကြုံပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ချက်ချခဲ့တာကိုး။ ကိုယ်လေ မေတ္တာနဲ့ပဲဖြေတယ်။ မေတ္တာနဲ့ပဲ ဆုံးဖြတ်ချက်ချတယ်'

သူမသည် ရှိုက်ကြီးတငင်ကျွန်တော့်ရင်ခွင်ထဲ၌ ငိုချလိုက်ပါ တော့သည်။ သူမ၏ဆံပင်စများအား ကျွန်တော်ညင်သာစွာပွတ်သပ် ရင်းမှ . . .

'မင်း တစ်နေ့ တဖြည်းဖြည်းနဲ့ နေသားကျသွားမှာပါ။ သူတို့ ကိုလည်း အပြစ်မတင်ပါနဲ့'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင်မသိဘူး။ သူတို့က ကျွန်မအပေါ် ကောင်းစေချင်လွန်းလို့ပါဆိုတဲ့ စေတနာတွေဟာ ကျွန်မကို ငရဲပြည်ကို သွားစေတဲ့ လမ်းတွေပဲ။ အခု ကျွန်မခံစားလိုက်ရပြီ။ ဘယ်သူကလာပြီး သူတို့ စေတနာကြောင့် မှားသွားတဲ့အမှားလို့ လာတောင်းပန်ဖူးလဲ။ ကျွန်မဘဝ ကျွန်မကုစားလိုက်ရတာပဲ'

ဖြစ်တည်မှု ပဓာနဝါဒီကဗျာဆရာမလေးသည် သူမ၏ခံစားမှု အား ကျွန်တော့်ရင်ခွင်ထဲ၌ ကျိန်ဆိုနေပါသည်။

'ရှင်ရယ် သူတို့စေတနာတွေဟာ သူတို့ဘဝ သာယာဖို့ပါ။ ရှင်က အဝေးကလူ။ တစ်နေ့ကျရင် ကျွန်မကို ရှင်က စွန့်ပစ်သွားမှာပါ။ ကျွန်မအသိုင်းအဝိုင်းကို ရှင်မသိပါဘူး။ သူတို့ဘဝက ကျွန်မအရိပ်ထဲမှာ ခိုနေတာပါ။ဒါမှ သူတို့ဘဝ အစာအိမ်ချွေးမထွက်မှာ။ ရှင်က ဘာတစ်ခု မှ မမက်မောတဲ့ လူတစ်ယောက်၊ အားလုံးကိုထားပြီး စည်းအပြင်မှာနေ တဲ့လူ။ ရှင်ဘယ်သူလဲဟင်။ သူတို့နဲ့ ကျွန်မကြားမှာ အသိတရားတစ်ခု၊

ဦးနှောက်တစ်ခုတည်းနဲ့ပဲ ဆုံးဖြတ်ချက်ချတယ်'

ကျွန်တော် သူမအား ရင်ခွင်ထဲမှ တွန်းထုတ်ရင်း . . .

'ကိုယ်လေ အရာရာကို နှစ်ဖက်မျှစဉ်းစားတယ်။ အဖြေက ရှိနေပြီးသားပါ။ မင်းရော၊ သူတို့ရော မေတ္တာမထားဘဲ ဦးနှောက်အသိတရားတစ်ခုနဲ့ အသက်ရှင်နေကြတာကိုး'

'ဟုတ်တယ် ကျွန်မမှ မေတ္တာမထားနိုင်တာ'

ကျွန်တော် သူမဘဝ၏ ကြီးကျယ်ခမ်းနားမှုအား စဉ်းစားနေစဉ် ပတ်ဝန်းကျင်ဘစ်ခုလုံးကလည်း သူမကို မှိုင်ခိုနေကြဆဲ။ သူမဘဝအတွေ့အကြုံအရ အလုံးစုံသောအရာအား မွေးဖွားခြင်းနှင့် သေခြင်းကြား၌ သူမ၏ ဖြစ်တည်မှုတစ်ခုအား ရှာဖွေနေဆဲ။ သူမ နဖူးလေးအား ညင်သာစွာနမ်းရင်း

'မင်း မေတ္တာတရားကို ထားတတ်အောင်ထားပါ။ မင်းနေထိုင်တဲ့ အနုပညာအတွက်ပေါ့'

သူမ၏မျက်ဝန်းမှ မျက်ရည်စများ ကျွန်တော်ညင်သာစွာသုတ်ပေးရင်း လှည့်ထွက်ခဲ့ပါသည်။ အဝေးတစ်နေရာအရပ်၌ ကျွန်တော်တစ်ယောက်တည်းထိုင်ရင်း ခရီးဖော် ပုံပြောသမားကြီး အဘိုးအိုအား စောင့်ဆိုင်းနေပါသည်။ အရပ်ဒေသတစ်ခုမှ (Phil Collins ၏ Both side of the Story) သီချင်းသံလေးသည် ကျွန်တော့်အနားသို့ ဖြတ်တိုက်သွားပါသည်။

***မြို့ကလေးတစ်မြို့ရဲ့ တိတ်ဆိတ်တဲ့အရပ်မှာရှိတဲ့ ရေတံလျှောက်တစ်ခုထဲမှာ ကိုယ်ရောက်သလို မြင်ထားလိုက်ပါ။***

***အဲဒီနေရာမှာ အမှောင်ထုအတွင်း သေမင်းစောင့်နေတယ်။ သေမင်း ကမလာဘူးတဲ့၊ သူတစ်ယောက်လို အဆုံးစီရင်ဖို့ စောင့်နေတာဖြစ်တယ်။***

လူတစ်ယောက်ဟာ လမ်းပေါ်မှာ လဲလျောင်းနေပြီး အရက်သောက်စရာငွေမရှိ ဝမ်းနည်းကြေကွဲ အသည်းနှလုံးလည်းမရှိ၊ သူ့မှာ အလုပ်မဲ့ သိက္ခာ လည်းမရှိ၊ ကိုယ့်ထွက်ပေါက် ကိုယ်မရှာနိုင်တော့ဘူး၊ အဲဒီမှာသူဟာ အလုပ်တစ်ခု မဆိုစလောက် လေးစားမှုတစ်ခုရရှိခဲ့ရင် သူဟာအားလုံးကို တာဝန်ထမ်းဆောင်နိုင်ပါတယ်၊

ကျွန်ုပ်တို့ဇာတ်လမ်းရဲ့ အဓိပ္ပာယ်နှစ်ခုကို အမြတ်တမ်းကြားသိဖို့ လိုပြီ၊ ညဉ့်သန်းခေါင်ယံအချိန်မှာ ပတ်ဝန်းကျင် တည်ငြိမ်အေးချမ်းမှုဟာ ပျက်သုဉ်း သွားပါပြီ၊

မိခင်တွေ၊ ဖခင်တွေ ရှုန်းကန်ရုန်းဖြစ်ရင်းနဲ့ ကလေးငယ်တွေကလည်း မျက်နှာမဖော်နိုင်တော့ပါဘူး၊ သူတို့တစ်တွေ တာဝန်မကျေ ဘူး၊ သစ္စာမရှိဘူး၊ အချစ်တွေပျက်ကုန်ပြီလို့ ဆိုကြတယ်၊ အစ်ကိုကတော့ ညီမတွေကို နှစ်သိမ့်ကြတယ်၊ တို့တစ်တွေ တို့ဘာသာ တာဝန်ယူကြဖို့ပဲ ရှိတယ်လို့ သူညီမလေးကို နှစ်သိမ့်ရှာတယ်၊

* အလင်းရောင်အားလုံးလည်း တို့တွေမြင်ရပြီ၊ အားလုံးက တို့ကိုဝိုင်း ကြည့်နေကြပြီ၊ အားလုံးဟာ အမှန်တရားသစ္စာကို ရှာဖွေနေကြပြီ၊ ဒါကို တို့မပျက်မကွက် ဆောင်ရွက်ကြရမယ်၊ တို့မျက်စိမှိတ်ခင်၊ အသက်မသေခင် ဒီကိစ္စကို သေချာအောင်လုပ်ခဲ့ကြရမယ်၊ ဒါကို တို့ ရှောင်ထွက်လို့မရတော့ဘူး၊ အသက်ရှင်သမျှ ကာလပတ်လုံး သင်ရှောင်လို့မရဘူး၊

* မုန်တိုင်း ဒုက္ခတွေအလယ်မှာလို့ ထင်ရတဲ့နေရာမှာ ရပ်တည် လှုပ်ရှားနေတယ်၊ တစ်ချိန်က ရင်းနှီးခဲ့တဲ့ ပတ်ဝန်းကျင်ကလည်း သီးခြား ရပ်တည်နေကြပြီ၊ သူတို့တွေဟာ နှစ်ပေါင်းများစွာ ပဋိပက္ခတွေဆင်နွှဲပြီး လမ်းတွေပေါ်မှာတောင် တစ်ယောက်နဲ့တစ်ယောက် သတ်ဖြတ်နေကြပြီ၊ ခေါင်းငယ်ကလေးများကလည်း ဝမ်းနည်းကြေကွဲစွာ စုပုံနေကြပြီ၊ မွန်မှိုင်းခြင်း

*များစွာ အစိအရိရှိနေကြပြီ။*

*တို့တွေဟာ အဆိုး၊ အကောင်းကို နှစ်မျိုးလုံးသိဖို့လိုအပ်တယ်။ အလင်း ရောင်အားလုံးတို့လည်း တို့တွေမြင်ကြရပြီ။ အားလုံးကတို့ကို ဝိုင်းကြည့်နေကြပြီ။ အားလုံးဟာ အမှန်တရားသစ္စာကို ရှာဖွေနေကြပြီ၊ ဒါကို တို့မပျက်မကွက် ဆောင်ရွက်ကြရမယ်။ တို့မျက်စိမမှိတ်ခင် ဒီကိစ္စကို သေချာအောင် လုပ်ခဲ့ကြရမယ်။ ဒါကိုရှောင်ထွက်လို့မရဘူး။ အသက်ရှင် နေသမျှကာလပတ်လုံး သင်ရှောင်လို့မရဘူး။*

*လူဖြူက အဲဒီအချိန်မှာ လမ်းကြောင်းလွှဲလိုက်တယ်။ သူနဲ့ မတူမတန်ဘူးလို့ထင်တဲ့ ကမ္ဘာတစ်ခုကို။ ဒါပေမဲ့ ဆင်းရဲသားလူငယ်က အဲဒီလူဖြူကို ပခုံးက ဆွဲပြီး နံရံဘက်ကိုင်ပေါက်လိုက်တယ်။ အဲဒီတော့ ဆင်းရဲသား လူမည်းက ဘာပြောလည်းဆိုတော့ . . .*

*'ငါ့မှာ ဒီသေနတ်မရှိရင် မင်းငါ့ကို ရှိသေလေးစားမှာလား။ ဒီသေနတ်မရှိရင် ငါ့ကိုလေးစားမှာမဟုတ်ဘူး။ ဒါကြောင့်မို့ ဒီသေနတ်ကို ကိုင်ဆောင်ထားရတာပဲ'တဲ့။*

*ဒါကြောင့်မို့ အဆိုးအကောင်းကို သိထားဖို့လိုတယ်။*

သီချင်းသံစဉ်လေးနဲ့အတူ ပုံပြောသမားကြီး အဘိုးအိုသည် ကျွန်တော့်နံဘေးသို့ရောက်လာရင်း

'ဝန်ခံတယ် မုန်းတီးသော်လည်း ဇာတ်လမ်းတိုင်းမှာ အဆုံးသတ် တွေးစရာ နှစ်မျိုးတော့အမြဲရှိနေတာပေါ့။ အဲဒါက အဆိုးနဲ့ အကောင်း ပဲလေ'

'ဘယ်လိုလဲ ငါ့မြေး။ မေတ္တာတွေ အကုန်ထားပြီးပြီလား'

'အင်း ထားတော့ထားကြည့်တာပေါ့ အဘိုးရာ'

'သူများကိုပြောတော့ လွယ်လိုက်တာ။ ကိုယ့်ကိုယ်ကိုယ်တော့ မလွယ်ဘူးမဟုတ်လား'

'အလကားကောင်'

အဘိုး၏ပြောသမျှစကားကို ကျွန်တော်မငြင်းဆန်ဝံ့ပါ။ ဝန်ခံလိုက်ပါသည်။

'ဟော့ကောင်ငါ့မြေး . . . မေတ္တာဆိုတာ ထားဖို့ခက်တယ်ကွ။ ဘယ်ကိစ္စမဆို အဆိုးနဲ့အကောင်းဟာ ရှိနေပြီးသား။ အဲဒီတော့ လူတွေဟာ ဆုံးဖြတ်ချက်တွေချကြတယ်။ မှားကြတာရှိမယ်။ မှန်ကြတာရှိမယ်။ ဘာပဲပြောပြော ဝန်ခံရန်မုန်းတီးသော်လည်း ဇာတ်လမ်းရဲ့အဆုံးသတ်မှာ တွေးစရာနှစ်မျိုးရှိနေတယ်။ အဆိုးနဲ့ အကောင်းပဲ။ ဆုံးဖြတ်ချက်တွေကို ဘဝအတွေ့အကြုံနဲ့ ချကြတယ်။ မင်းကောင်မလေးကလည်း တစ်ဖက်စွန်းမှာ ဦးနှောက်နဲ့ ဘဝအတွေ့အကြုံအရ ဆုံးဖြတ်တယ်။ အဲဒီတော့ တအားရက်စက်သွားတာပေါ့။ မေတ္တာမပါဘူး။ မင်းကလည်း တစ်ဖက်စွန်း၊ မင်းကျတော့လည်း မေတ္တာနဲ့ဆုံးဖြတ်တယ်၊ နေစမ်းပါဦး . . . နေရာ တိုင်းမှာ မေတ္တာထားနေရင် လူတွေက မင်းကို ငပေါကြီးလို့ ထင်သွားမှာပေါ့။ အဲဒီတော့ ဘဝမှာ အရာရာကို နှစ်ဖက်မျှစဉ်းစားရမယ်။ အသိတရား၊ နှလုံးသားအသိ၊ ဦးနှောက်အတွေ့အကြုံနဲ့ယှဉ်ပြီး မေတ္တာထားရ မှာပေါ့'

အဘိုး ပျောက်ကွယ်သွားပါသည်၊ ကျွန်တော်သည် သူမရှိရာသို့ပြန်ပြီးလာခဲ့ပါသည်။ သူမ မရှိတော့။ ကျွန်တော့်အား သူမ၏ ဈာပနနှင့်သာ ကြိုဆိုခြင်း ခံလိုက်ရပါသည်။ သူမ၏ဈာပန၌ လိုက်ပါပို့ဆောင်သူအားလုံးအား ရှန်ပိန်သောက်ပြီး ဇော်ဟစ်ရယ်မောဖို့ သူမ သေတမ်းစာ၌ ရေးသားထားပါသည်။ သူမ၏ဈာပနတွင် ရှန်ပိန်၏အရသာ၊ ပို့ဆောင်သူတို့၏အပြုံးတို့အား အဓိပ္ပာယ်မဖော်တော့။ ကျွန်တော် သူမ ဇုတ်ဂူနံဘေး၌ ရှိုက်ကြီးတငင် သက်ပြင်းချရင်း လက်ထဲမှကိုင်ထား သော ရှန်ပိန်ခွက်အား ဇုတ်ဂူပေါ် သို့ ပက်ဖျန်းလိုက်ပါသည်။ ပြုံးလည်း မပြုံး

နိုင်တော့ပါ။ အရှူးတစ်ယောက်လို သူမ၏ဇာတ်ဂူနံဘေး၌ ရွတ်ဆိုနေဆဲ။

'ကိုယ်လေ ဘဝနေထိုင်မှုအနုပညာအတွက် အရာရာကို အသိတရားနဲ့ယှဉ်ပြီး မေတ္တာထားပါ့မယ်'

ဤသည်ကား ကျွန်တော့်ဘဝနေထိုင်မှု၏ အနုပညာဖြစ်ပါသည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

## ဘဝနှင့်အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 12

## သဘာဝအား မညာမိခြင်း

ဘဝနေထိုင်မှုအတွက် ကိုယ့်ကိုယ်ကိုယ် မညာမိရန် ကြိုးပမ်းရပါမည်။

## ဘဝနှင့်အနုပညာအားယှဉ်တွဲနေထိုင်ခြင်း

## CHAPTER - 12

## သဘာဝအားမညာမိခြင်း

'မင်း တစ်ကမ္ဘာလုံး၊ တစ်လောကလုံးကို ညာလို့ရတယ်။ အရေးမကြီးဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ မညာနဲ့ကွာ'

ကျွန်တော်မနားတမ်း၊ မမောတမ်း နာမည်ကြီးအနုပညာသမားတစ်ယောက်အား ပွင့်ပွင့်လင်းလင်း ပြောလိုက်သောအချိန်၌ မျက်စိမျက်နှာပျက်ဖြင့် ကျွန်တော့်အား သူကြိုဆိုနှုတ်ဆက်လိုက်ပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော် အရှိန်မသတ်နိုင်ဘဲ သူ့အားဆက်လက်၍ အားမနာခြင်းများစွာဖြင့် . . .

'ဘာဖြစ်လို့လဲသိလား။ ကိုယ့်ကိုကိုယ်မညာနဲ့နော်။ ညာရင်းညာရင်းနဲ့ ကိုယ်ဟာ ညံ့သွားလိမ့်မယ်။ ညံ့သွားရင် ဖျင်းသွားမယ်။ ဖျင်းသွားရင် လူဖျင်းဆိုပြီးတော့ လူကလောကထဲကို ဝင်လို့မရတော့ဘူး။ ကိုယ့်သဘာဝကို ကိုယ်သိစမ်းပါ။ မိမိသဘာဝကိုလည်း ပတ်ဝန်းကျင်ကလူတွေကို သိအောင်ပြောပေါ့။ ဆိုးဆိုးကောင်းကောင်း မင်းအကြောင်း၊ မင်းစရိုက်သိသွားတော့ အပြစ်ဖြစ်လာလည်း အပြစ်မမြင်တော့ဘူး။ သူတို့က မင်းကို ခြေအညီပြီးတွေ့မှာပေါ့'

သူ ကျွန်တော့်စကားအား နားထောင်ချင်ပုံမရပါ။ အမှန်တကယ်တော့ သူသည် မိန်းမလျှာတစ်ယောက်ဖြစ်နေပါသည်။ ဤသို့ဖြစ်သွားရခြင်းအကြောင်းအရင်းကို ကျွန်တော်အပြစ်မမြင်ပါ။ ဘာသာရေးအယူအဆအရ ဝဋ်ကြွေးဟုသဘောထားလျှင် ထားမည်။ ဆေးပညာအရ ခန္ဓာကိုယ်ဇီဝဟော်မုန်းများ မညီ၍ ဖြစ်ချင်ဖြစ်မည်။ စိတ်ပညာအရ ရောဂါတစ်ခုသတ်မှတ်လျှင် သတ်မှတ်မည်။ တတ်သိပညာရှင်များနှင့် မိမိရောဂါကို အရိုးသားဆုံးဝန်ချပြောဆိုရင်း အကောင်းဆုံးဖြစ်အောင် ကုစားသင့်သည်။ ပတ်ဝန်းကျင်ကိုလည်း ပြောထားသင့်သည်။ ရှက်စရာမဟုတ်ပါ။ အနာရှိလျှင် ဆေးရှိပါသည်။ မိမိကိုယ်မိမိ ညာနေ၍ သူ့အား ကျွန်တော်မညာမတာ ပြောမိခြင်းဖြစ်သည်။ တစ်နေ့သူများသိလာသောအခါ တစ်ရှက်မှ နှစ်ရှက်ဖြစ်ရတော့မည်။ ကျွန်တော့အား သူလက်ခံချင်ပုံမရတော့။ သူ့ထံမှ လှည့်ထွက်ခဲ့တော့သည်။ အဝေးပြေးလမ်းမကြီးနံဘေး သစ်တောအုပ်ကလေးအတွင်းရှိ လမ်းကလေးတွင် ကျွန်တော်တစ်ကိုယ်တည်း လျှောက်ခဲ့ပါသည်။ ခရီးသွားဖော် ပုံပြောသမားကြီးအဘိုးအိုသည် ကျွန်တော့်ထက် စောစီးစွာ ရောက်နေပါ သည်။

'ဘာလဲ ငါ့မြေး မင်းရော ကိုယ့်ကိုယ်ကိုယ် ညာရင်း ညံ့သွားပြီလား'

ကျွန်တော် ဘာတစ်ခုမျှ မဖြေပေးပါ။ သစ်တောလမ်းကလေး၌ ကျွန်တော်တို့နှစ်ဦးသား ခရီးဆက်နေစဉ် အဘိုးအိုတစ်ယောက်သည် ကျွန်တော်တို့အား ပြုံး၍နှုတ်ဆက်ပါသည်။ ထို့နောက် သူသည် တောင်ကုန်းကလေးများ စီရီသပ်ရပ်နေသော ဥယျာဉ်ဟုခေါ်သည့် သုသာန်ကလေးရှိရာအရပ်ဆီသို့ ဦးတည်ထွက်သွားပါသည်။

'မင်း သူ့ကိုသိလား ငါ့မြေး။ သူ့အပြုံးကိုရော မင်းသိလား။ အခု သူသွားရမယ့်အရပ်ကို သွားပြီလေ။ သူဟာ ပညာတတ်ကြီး၊

ရာထူးကြီး ကြီး၊ လူတကာရဲ့ လေးစားခံရသူတစ်ယောက်ပါကွာ။ ဒါပေမဲ့ သူ့ကိုယ် သူ ညာခဲ့တယ်။ သူ့ရဲ့အတွင်းစိတ်က သာယာမှုကိုမက်မောတယ်။ အသက် ကြီးသွားတော့ သားသမီးတွေက တစ်အိုးတစ်အိမ်၊ ဇနီးမယား လည်း မရှိတော့ဘူး။ တစ်ယောက်တည်း အထီးကျန်တာပေါ့ကွာ။ အဲဒီမှာ သူ့ဘဝကို သူဘာလုပ်ရမှန်းသိတယ်။ ဘဝတဏှာကလည်း မကုန်သေးဘူး လေ။ မလုပ်ဘူးကွ။ လူတကာလေးစားခံရအောင် တရားထိုင်၊ ပုတီးစိပ် နဲ့ပေါ့။ သူ့ကိုယ်သူ တဖြည်းဖြည်းအကျဉ်းကျလာပြီး စိတ်ဓာတ်တွေဟာ ယိုယွင်းလာတယ်။ ခန္ဓာကိုယ်က ဒဏ်မခံနိုင်တော့ဘူး။ မလုပ်နိုင်တဲ့ စည်းကမ်းတွေချ၊ ကိုယ့်သဘာဝကိုယ်နားမလည်၊ နားလည်လည်း မလုပ်ရဲ။ သူတကယ်လုပ်ချင်တာက ငယ်စဉ်တောင်ကျေး ကလေးဘဝလို လွတ် လွတ်လပ်လပ်ပြန်နေချင်ပြီ။ ပင်စင်ယူပြီးတော့ ကလေးဘဝလိုပေါ့ကွာ။ စကားပြောဖော်ချစ်သူထားမယ်၊ ဝိုင်သောက်မယ်၊ လူတွေကို ကူညီမယ် ပေါ့။ ဒါပေမဲ့ မလုပ်ရဲဘူးလေ။ အခုတော့ မချိတင်ကဲပြုံးပြီးတော့ သူ သွားရမယ့်ဆီ သွားပြီလေ'

သုသာန်ကလေးသည် သူ့တာဝန်အတိုင်း မိမိသဘာဝအား နားလည်ရန်မကြိုးစားဘဲ နေထိုင်ခဲ့သော အဘိုးအိုအား ဆီးကြိုနေဆဲ။ ကျွန်တော်တို့နှစ်ယောက် ခရီးဆက်ခဲ့ကြသည်။ လမ်းခုလတ်၌ အဘိုးအို တစ်ဦးအား ထပ်မြင်ပါသည်။ ရွှင်လန်း စွာပြုံးရင်း . . . မိတ်ဆွေကြီး အချိန်ကျပြီဗျာ သွားရတော့မယ်။ ပြုံးပြုံးရွှင်ရွှင် အားရဝမ်းသာ နှုတ်ဆက် ရင်း သုသာန်ကလေးရှိရာသို့ ချီတက်သွား ပါတော့သည်။

'ငါ့မြေး မင်း သူ့ကိုရောသိလား'

ကျွန်တော် ဘာမျှမပြောပါ။

'သူကလည်း ပညာတတ်။ အရှိန်အဝါကြီးပြီး လူတကာရဲ့ လေးစားခံရသူပေါ့ကွာ။ မာနတော့မရှိဘူးကွ။ ဘဝကို ပျော်ပျော်နေတတ်

သူ။ ကိုယ့်ကိုကိုယ်လည်း မညာဘူး။ လူတိုင်းကို ကိုယ်လိုပဲ သဘော ထားတယ်။ ငါလည်းမှားရင် မင်းလည်း မှားမှာပဲ။ ကိုယ်လုပ်နိုင်တာပဲ ကိုယ်လုပ်တယ်။ ကိုယ့်ကိုကိုယ် စိတ်ချမ်းသာအောင်နေတယ်။ အများ ကိုလည်း မလုပ်နိုင်တဲ့ စည်းကမ်းတွေမထားဘူး။ အသက်ကြီးသွား တော့ သားသမီးတွေက တစ်အိုးတစ်အိမ်ထူထောင်ကြ။ ဇနီးကတော့ မရှိတော့ ဘူးပေါ့။ သူ့ဘဝအထီးကျန်သွားပြီ။ သူဘာလုပ်မလဲ။ ပင်စင်စားဘဝ၊ ဘယ်ရလိမ့်မလဲ ငါ့မြေးရယ်၊ ချက်ချင်းကို အသက်ငယ်ငယ်ရွယ်ရွယ် ကောင်မလေးနဲ့ စကားပြောဖော် ချစ်သူထားလိုက်တာပဲ။ သူ့မှာပျော်လို့ ရွှင်လို့၊ မိုးမမြင် လေမမြင်နဲ့၊ ကျန်းမာရေးကောင်းအောင် လမ်းလျှောက် ရတာနဲ့၊ အစာကြေအောင် ပိုင်သောက်ရတာနဲ့။ ပြီးတော့ အချိန်တွေပိုရင် လူမှုရေးလုပ်ငန်းတွေ လိုက်ကူညီတာပဲ။ ဘာသာရေး လည်းလုပ်တယ်။ တစ်ဖက်စွန်း မရောက်ဘူး။ သေသွားတဲ့မိန်းမအတွက်လည်း ကောင်းမှု ကုသိုလ်တွေ လုပ်တာပဲ။ လူတွေက ပြောတာပေါ့။ အသက်ကြီးမှ ဝက်သက် ပေါက်တယ်ပေါ့။ သားသမီးတွေက ရှက်တာပေါ့။ သူကတော့ ပြောတယ်။ ငါ့အကြောင်း ငါအသိဆုံး။ ငါ့ဘေးနားမှာ မိန်းကလေး အဖော်မရှိရင် ငါမနေတတ်ဘူး။ အသက် (၈၀)ကျော်မှ ပြောတဲ့စကားကွာ။ လူတွေက လည်း မပြောရဲတော့ဘူး။ ကိုယ့်သဘာဝကို ကိုယ်ရဲရဲဝံ့ဝံ့ပြောပြီး မိမိသဘာဝကိုလည်း နားလည်အောင်ကြိုးစားပြီး သဘာဝကို လက်တွေ့ သက်သေပြ နေထိုင်သွားတဲ့လူလေကွာ။ အခုသုသာန်ကို ရွှင်ရွှင် လန်းလန်းချီတက်သွားတာပေါ့'

'ဒီလိုပဲငါ့မြေး လူတွေဟာ ကိုယ့်ကိုယ်ကိုယ် ညာတော့ အဘိုးအို နှစ်ယောက်လိုပေါ့ကွာ တစ်ယောက်က ဘယ်လိုခံစားရမလဲ။ တစ်ယောက် က ဘယ်လိုစံစားရမလဲ။ ဘယ်သူဟာ ညံ့သွားသလဲ။ မင်းစဉ်းစားပေါ့'

ပုံပြောသမားကြီး အဘိုးအိုသည် ရုတ်တရက် ပျောက်ကွယ်

သွားပါသည်။

ကျွန်တော်လည်း သစ်တောလမ်းကလေး၌ တစ်ကိုယ်တည်း လျှောက်ရင်း ကျွန်တော်ခရီးဆက်ရမည့် ဘဝနေထိုင်မှု အနုပညာ Art Of Living အတွက် ပတ်ဝန်းကျင်တစ်ခုလုံးအား ဟန်မဆောင်ဘဲ မိမိ သဘာဝအား ဖွင့်ဟပြောဆိုဖို့အတွက် ကိုယ့်ကိုယ်ကိုယ် မညာမိရန် ကြိုးစား ရပါမည်။ ဤသည်ကား ကျွန်တော်၏ နေထိုင်မှု အနုပညာဖြစ်ပါသည်။

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂ - )

# အတိတ်ကာလတစ်ခုမှ ပုံနှိပ်အက္ခရာများ

၁၉၉၄

မိန်းမတစ်ယောက်၏ အတ္တကိုပိုင်ဆိုင်လိုသော
ယောက်ျားတစ်ယောက်
နှင့်
ယောက်ျားတစ်ယောက်၏အတ္တကိုပိုင်ဆိုင်လိုသော
မိန်းမတစ်ယောက်မတ်ဖို့

# ကမ်းလက်အစုံအား တွဲလျက်ကူပါ

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂-    )

# ကမ်းလက်အစုံအားတွဲလျက်ကူပါ


၁။ ကမ်းလက်အစုံအား တွဲလျက်ကူပါ

၂။ စကြဝဠာအမှောင်ဆုံးအရပ်ဆီသို့ ခရီးဦးထွက်ခြင်း

၃။ ရင်းနှီးလက်ခံလိုက်ရသော အဖြေတစ်ပုဒ်

၄။ ဆာလောင်တော်မှုတ်ခြင်း

၅။ နိုင်ဝေမင်း

၆။ ဖိတ်စဉ်သွားသောဦးနှောက်ထဲမှ အတွေးကြိမ်းဝါးသံများ

၇။ အနှင်ခံရခြင်း

၈။ အမေ့ထံမှ ဆု

၉။ ရှုံးနိမ့်ခြင်း

၁၀။ စောင့်ဆိုင်းခြင်း

၁၁။ နေရာ

၁၉၉၆

ကာယစိတ္တရုပ်ငြိမ်မှုနှာအလည်တာနာမှုသနာကြင်နာမှုအမြတ်တန်းတားလို့မှု
ပွင့်လင်းရိုးသားဖြူစင်မှုအပြန်အလှန်ယုံကြည်မှုချစ်ခြင်းမေတ္တာတရားတို့ဖြင့်
တနာအားပေးမှုတို့ပျောက်ဆုံးကွယ်လွင့်သွားပြီးနောက်ပကတိရုပ်ငြိမ်မှုမရှိမှုမရေရာ
မသေချာမှုလွဲချော်မှုကစဉ့်ကလျားဖရိုဖရဲဖြစ်မှုအနိဋ္ဌာရုံအနဋ္ဌတရားတို့
ကြီးစိုးနေသည့်ဆိတ်ကွယ်ရာမရှိသောလူ့ဘဝနဝဲအခန်းကျဉ်းကလေးထဲမှ
အတ္တကြီးမားသောအိမ်ထောင်ရှင်ယောက်ျားတစ်ယောက်နှင့်အတ္တကြီးမားသော
အိမ်ထောင်ရှင်မိန်းမတစ်ယောက်ပတ်ဖို့

# နံရံကိုဖြိုချခြင်း

## မောင်မောင်သိန်းလှိုင်

(၁၆-၂-၁၉၆၂-   )

# နံရံကိုဖြိုချခြင်း


အပိုင်း(၁) မိခင်

အပိုင်း(၂) လူသားမျက်မ

အပိုင်း(၃) မိန်းမတစ်ယောက်၏အချစ်နောက်ကွယ်မှ ဖြစ်တည်မှု

အပိုင်း(၄) မိန်းမတစ်ယောက်၏ အချစ်အားမျက်ကွယ်ပြု၍ လက်ထပ်ပေါင်းသင်းခြင်း

အပိုင်း(၅) မိန်းမနှင့် လက်ထပ်ပေါင်းသင်းခြင်း၏ နောက်ကွယ်မှ အတ္တ၏ကြိမ်းဝါးသံ

၁၉၉၇

ပြုသူသည်လည်းကောင်း၊ အပြုခံရသူသည်လည်းကောင်း၊

ဖြိုသူသည်လည်းကောင်း၊ အဖြိုခံရသူသည်လည်းကောင်း

အောင်နိုင်သူသည်လည်းကောင်း၊ ရှုံးနိမ့်သူသည်လည်းကောင်း၊

ငိုကြွေးသူသည်လည်းကောင်း၊ ရယ်မောသူသည်လည်းကောင်း၊

တစ်ပေါင်းတစ်စည်းတည်းဖြင့်

ရောထွေးယှက်ဝင်သွားနေရသော

ဆိတ်ကွယ်ရာမရှိသည့်သံသရာကြီး

ရှိလေသောဘဝဆိုသည့်အကြောင်းတရားအောက်

ပြီးဆုံးအောင်နေထိုင်တတ်ဖို့ကြိုးစားနေကြသော

ယောက်ျားဖြစ်တည်မှုကိုရရှိလိုက်သော

အတ္တကြီးမားလှသည့်လူသားတစ်ဦးနှင့်

မိန်းမဖြစ်တည်မှုကိုရရှိလိုက်သော

အတ္တကြီးမားလှသည့်လူသားတစ်ဦး

သူတို့နှစ်ဦးဖတ်ဖို့

# အပြစ်ကင်းစင်သော ရပ်ဝန်းဆီသို့

## မောင်မောင်သိန်းလှိုင်

(၁၆-၂-၁၉၆၂-    )

""ဒီအချိန်မှာ ကျွန်မမျှော်လင့်တောင့်တဆုံးအရာကို ပြောပါဆိုရင်...
ယောက်ျားတစ်ယောက်နှင့် မျှော်လင့်ခြင်းပါပဲ""

၁၉၉၈

ဆိတ်ကွယ်ရာမရှိသောလူ့ဘဝအခန်းကျဉ်းကလေးထဲမှ

ယောကျ်ားတစ်ယောက်နှင့်မိန်းမတစ်ယောက်အကြား

အပြန်အလှန်လိုချင်တပ်မက်မှု၊တစ်ကိုယ်ကောင်းဆန်လိုမှု၊

တစ်ဖက်သတ်အနိုင်ယူလိုမှု၊အသာစီးအသုံးချလိုမှု၊ဗီဇဆန္ဒပြည့်ဝလိုမှု၊

အသွေးအသားအသုံးချလိုမှုနှင့်အတွေ့အသနားအညှာတာကင်းမဲ့မှု၊

ဆင်ခြင်တုံတရားပျောက်ကွယ်မှု၊ကိုယ်ချင်းစာတရားကင်းမဲ့မှုတို့အား

လွန်မြောက်ဥပေက္ခာပြုကျော်လွန်သွားပြီးနောက်

ပကတိအပြစ်ကင်းစင်သောခံစားမှုရပ်ဝန်းတစ်ခုဆီသို့

တွန်းပို့ခြင်းခံလိုက်ရသော

# အတ္တကြီးမားသော ယောကျ်ားတစ်ယောက်

နှင့်

# အတ္တကြီးမားသော မိန်းမတစ်ယောက်

ဇာတ်ဒို

## မောင်မောင်သိန်းလှိုင်

(၁၆-၂-၁၉၆၂- )

# Beyond The Sex

(သို့မဟုတ်)

အမှောင်တိုက်၏ အခြားတစ်ဖက်

မောင်မောင်သိန်းလှိုင်
(၁၆-၂-၁၉၆၂-    )

ဘဝနှင့်အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

၂၀၀၁

လူသားအားလုံးတို့သည်မညီမညာဖြစ်ပေါ်လျက်ရှိသော

ဘဝဖြစ်စဉ်လမ်းကြောင်းပေါ်

ရှည်လျားစွာခရီးသွားနေကြသောသူများသာဖြစ်ကြသည်

သူတို့အားလုံးနှင့်အတူ မညီမညာဖြစ်ပေါ်လျက်ရှိသော

ဘဝဖြစ်စဉ်လမ်းကြောင်းပေါ်

မြတ်နိုးခြင်းတွယ်တာခြင်းအကြောင်းတရားတို့နှင့်အတူ

စွန့်ခွာခြင်းဥပေက္ခာပြုခြင်းအကြောင်းတရားတို့ကြားမှ

လူသားတို့၏မညီမညာသောဘဝဖြစ်စဉ်ခရီးပေါ်မှ

ခံစားမှုအပိုင်းအစများအားတစ်စစီပြန်ကောက်ရင်းလူသားအားလုံးပတ်ဝို့

# တစ်စစီပြန်ကောက်ခဲ့ရသော အပိုင်းအစဝတ္ထုတိုများ


မောင်မောင်သိန်းလှိုင်

(၁၆-၂-၁၉၆၂-    )

# တစ်စစီပြန်ကောက်ခဲ့ရသော အပိုင်းအစဝတ္ထုတိုများ


၁။ လုယူခံရခြင်း

၂။ အကျင့်ယုတ်

၃။ အလိုတော်ကျ

၄။ အပိုင်း(ခ) သို့မဟုတ် SECOND CHAPTER

၅။ သူ့အလှည့်ကျတော့

၆။ ရိုးအီခြင်း

၇။ အူတိုမျိုး

၈။ ချည်ခြင်းတပ်ခြင်း

၉။ မပြောခဲ့လို့

၁၀။ ကျွန်မသာဖြစ်လိုက်ပါတော့ ကိုကိုရယ်

၁၁။ ပန်းချီကားတစ်ချပ်၏နောက်ကျောမှ

၁၂။ အဖော်

၁၃။ ကုန်ဆုံးခြင်း

၁၄။ ပြန်မလှည့်ရဘူး

ဘဝနှင့်အနုပညာအား ယှဉ်တွဲနေထိုင်ခြင်း

၂၀၁၀

လူသားအားလုံးတို့သည်မညီမညာဖြစ်ပေါ်လျက်ရှိသော

ဘဝဖြစ်စဉ်လမ်းကြောင်းပေါ်

ရှည်လျားစွာခရီးသွားနေကြသောသူများသာဖြစ်ကြသည်။

သူတို့အားလုံးနှင့်အတူမညီမညာဖြစ်ပေါ်လျက်ရှိသော

ဘဝဖြစ်စဉ်လမ်းကြောင်းပေါ်

ခံစားခဲ့ရခြင်းရယူလိုခြင်းပိုင်ဆိုင်လိုခြင်းပေးဆပ်လိုခြင်းတို့နှင့်အတူ

ပဋိပက္ခဖြစ်စဉ်ကြီးကြားမှပြီးပြည့်စုံသောလူသားဖြစ်တည်မှုကိုမရရှိခဲ့ပါ

ကျွန်တော်ကိုယ်၌ကလည်းမရရှိခဲ့ပါ

တကယ်တမ်းကျတော့ကျွန်တော်သည်လူ့ဘောင်လောက၌

အသုံးဝင်မှုရှိခြင်းအသုံးဝင်မှုမရှိခြင်းကြား၌

စွန့်ပစ်ရန်ခက်ခဲသောအမှိုက်တစ်ခုသာဖြစ်ခဲ့ပါသည်။

ကျွန်တော်ကဲ့သို့သောစွန့်ပစ်ရန်ခက်သည့်အမှိုက်တစ်ခုဖြစ်သော

လူသားတစ်ယောက်ဖတ်ဖို့

# တစ်စစီပြန်ကောက်ခဲ့ရသော စွန့်ပစ်ရန်ခက်သည့်အမှိုက်များ

## မောင်မောင်သိန်းလှိုင်

(၁၆-၂-၁၉၆၂-    )

မောင်မောင်သိန်းလှိုင်

# တစ်စစီပြန်ကောက်ခဲ့ရသော စွန့်ပစ်ရန်ခက်သည့် အမှိုက်များ


၁။ နှုတ်ကတိကြွေး

၂။ ရပ်နေတဲ့ဘီး

၃။ အသုံးမဝင်သောယောကျ်ား

၄။ အမေလည်းကြိုက် သားလည်းကြိုက်

၅။ အတင်းဝင်ရောက် အဝယ်ခံလိုက်ရခြင်း

၆။ မြစ်တစ်စင်း၏ ငိုရှိုက်သံ

၇။ အာဟာရ

၈။ တွေ့ခွင့်မကြုံ

၉။ စာမေးပွဲ

၁၀။ မပြောတော့ပါဘူး

၁၁။ ဘယ်လိုလုပ်မှလို့ ရှုံးတော့မှာလဲ